မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၁၉)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်
ပြုပြင်ပြောင်းလဲရေးဆိုင်ရာ
အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေး

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်များ ဆက်လက်ကျင်းပ

စာတမ်းရှင် (၁၆)ဦးက စာတမ်း (၁၆)စောင်ကို ဖတ်ကြားတင်သွင်း

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံ၏ စီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျင်းပလျက်ရှိသည့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဒုတိယနေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပသည်။

ယနေ့ ဒုတိယနေ့ အစီအစဉ်များကို နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်များနှင့် စာတမ်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ စုံစုံညီညီ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် KOICA တို့ လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Kim Hae- Yong သည် ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ICT နည်းပညာအသုံးပြု၍ အဆင့်မြင့်မော်လီကျူးနှင့် နိုင်ငံတကာဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်တန်းခေါ်ယူခြင်းကိစ္စရပ်များ၊ ကျွမ်းကျင်ပညာရှင်များ လာရောက်သင်တန်းပို့ချရန် ကိစ္စရပ်များနှင့် သင်တန်းသားများ ပညာသင်စေလွှတ်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-Yong တို့ Korea International Coorperation Agency (KOICA) အစီအစဉ်ဖြင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို နှစ်ဦးသဘောတူဆွေးနွေးမှု လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၂၁ ရက်)

စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုပိုမိုရရှိရန် ဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ဩဂုတ်လ ၁၉ ရက်နေ့က ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်သည် စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်မှုအတွက် မက်ခရိုစီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ရည်ရွယ်ချက်အောင်မြင်ရန် စီးပွားရေးပညာရှင်များ၊ အစိုးရဌာနများနှင့် ဘဏ်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းရှင်များ၊ အခြားအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေး၍ အကြံဉာဏ်ကောင်းများကို လက်တွေ့ပြုပြင် အကောင်အထည်ဖော်နိုင်သည့် နည်းလမ်းများကို ဖော်ထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတက "ခေတ်အဆက်ဆက်မက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိရေးအတွက် နိုင်ငံတိုင်းဖြတ်သန်းလာရတဲ့ သမိုင်းကြောင်းတစ်ခုပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်ခုနဲ့တစ်ခု တည်နေရာ၊ ရေမြေ၊ လူဦးရေ၊ ပြည်တွင်း ပြည်ပအခြေအနေနဲ့ ဖြတ်သန်းခဲ့ကြတဲ့ သမိုင်းကြောင်းများ မတူညီကြတဲ့အတိုင်း စီးပွားရေးအခြေအနေများသည်လည်း ထပ်တူပုံတူဆောင်ရွက်လို့ မရကြဘဲ ကွဲပြားခြားနားကြတာ တွေ့ရမှာဖြစ်ပါတယ်။ မည်သို့ပင် မတူကွဲပြားခြားနားသည်ဖြစ်စေ၊ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်နဲ့ ပြည်သူများဟာ အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းပြီး တိုးတက်ဖွံ့ဖြိုးအောင် ရည်မှန်းကြိုးစားကြတာချင်းတူညီခဲ့တာ တွေ့ရပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးဦးတည်ချက်များချမှတ်ပြီး နည်းဗျူဟာအမျိုးမျိုးနှင့် ပုံဖော်လျက်ရှိရာမှာ ယခုအခါ ဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်းပေါ်ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတိုင်းသည် မက်ခရိုစီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ လွတ်လပ်သော ဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှုရရှိရေး၊ ပြည်ပကုန်သွယ်မှုတွင် လုံခြုံချောမွေ့စေရေးစသည့် ရည်မှန်းချက်များချမှတ်ပြီး မက်ခရိုစီးပွားရေး စွမ်းဆောင်ရည်မြင့်မားရန် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်သမ္မတက မက်ခရိုစီးပွားရေးဆိုင်ရာ မူဝါဒများကို ပြုပြင်ပြောင်းလဲရာမှာ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော ရလဒ်တစ်ခုကိုရရှိနိုင်ဖို့ ပေးဆပ်အနစ်နာခံရတဲ့ အခြေအနေမျိုးကို ကြုံတွေ့နိုင်တဲ့အတွက် မိမိတို့စိတ်သဏ္ဌာန်တွင် ကြိုတင်ပြင်ဆင်ထားဖို့လည်း လိုအပ်ကြောင်းကို ထည့်သွင်းပြောကြားခဲ့သည်။

မက်ခရိုစီးပွားရေးနယ်ပယ်သည် ကျယ်ပြန့်သည့်အတွက် စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုပိုမိုရရှိရေးအတွက် မက်ခရိုစီးပွားရေးမူဝါဒမြှင့်တင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

သဘာဝရေလှောင်ကွင်းများအတွင်း တံတားဦးမြို့နယ်၌ ငါးမျိုးများစိုက်ထည့်

ကျောက်ဆည် ဩဂုတ် ၂၀

ငါးသယံဇာတဖွံ့ဖြိုးရေးကို ရည်ရွယ်လျက် ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တံတားဦးမြို့နယ် မီးသွေးတိုက် ကျေးရွာအုပ်စုတွင် ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက ရေဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသော သဘာဝရေလှောင်ကွင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးမှူးက ငါးမျိုးစိုက်ထည့်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ငါးမျိုးများစိုက်ထည့်

ထို့နောက် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ကြည်၊ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေး၊ တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ငါးသားပေါက် ငါးသန်ကောင်ရေ သုံးသိန်းနှင့် ငါးမှုန်ကြီးကောင်ရေ ၂၇ သိန်းတို့အား သဘာဝရေလှောင်ကွင်းများအတွင်းသို့ စိုက်ထည့်ပေးကြသည်။ ဆက်လက်၍ တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ အုပ်စုမှ ကျေးရွာပိုင် ၂၈ ကန်၊ အကျယ်ဧရိယာ ၃၂ ဧကအတွင်းသို့လည်း အဆိုပါငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၄၁၀)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ သံတွဲမြို့၌ ပေးအပ်

သံတွဲ ဩဂုတ် ၂၀

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဩဂုတ် ၉ ရက်က သံတွဲမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ သံတွဲခရိုင် ဦးစီးဌာနမှူး ဦးကိုကိုမောင်နှင့်ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၂၉၆ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာကြီး ဦးအေးသောင်းထံသို့ ပေးအပ်ခဲ့ကြသည်။

ဆောင်ရွက်ပေး

ဆက်လက်၍ သံတွဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အိမ်ထောင်စုလူဦးရေစာရင်းများကို လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ခရိုင် ပြန်/ဆက်)

မြင်းခြံ၌ ပေါင်စနစ်ဖြင့် မိုးစပါးပျိုးထောင်စိုက်ပျိုး

မြင်းခြံ ဩဂုတ် ၂၀

သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက်နှင့်အညီ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း သရုပ်ပြပွဲကို ဩဂုတ်၅ရက်က မြင်းခြံမြို့နယ် နဘူးအိုင်ကျေးရွာအုပ်စု ရွာမကွင်း ကွင်းအမှတ် (၆၄/က) ဦးပိုင်အမှတ်(၄၇၂/၁)နှင့် (၄၈၆/၁)တောင်သူ ဦးဂင်တိုနှင့် ဦးအောင်မျှင်တို့၏ ကွင်း၌ တစ်ပြိုင်တည်း ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးအဖွဲ့ဝင်များ၊ ဖက်ပင်အိုင်၊ ပေတော၊ စားကြူး၊ ကန်ချော၊ နဘူးအိုင် ကျေးရွာများမှ တောင်သူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဒေါ်ကြည်ကြည်က စိုက်ပျိုးနည်းစနစ်များ ဆွေးနွေးပြီးနောက် ဝန်ထမ်းများက တောင်သူ ရှစ်ဦးပိုင် စုစုပေါင်း ဧက ၁၀၀ ၌ လက်တွေ့စိုက်ပျိုး သရုပ်ပြခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၄၃၇)

လသာမြို့နယ် ၂၉ လမ်း အမှတ်(၂၆/၂၈)နေ ဦးလှထွန်း (လှထွန်းတွံတေး)-ဒေါ်ညွန့်ညွန့်သန်း၊ သားသမီး၊ မြေးများ မိသားစုက မိဘများဖြစ်ကြသော အဖ ဦးတင်ရှိန်၊ ဦးကြည်-ဒေါ်ကျင်ရီ၊ သားကြီး ဦးမျိုးမင်းထွန်း ခုနစ်နှစ်ပြည့်၊ သားငယ် ဒေါက်တာအောင်ဇော်ထွန်း တစ်နှစ်ပြည့်တို့အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အေဘယ်လ်(ငြိမ်း)နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မြောင်းမြမြို့နယ် ငါးရှဉ့်အစုအဖွဲ့သို့ ငါးရှဉ့်မြှုံးများပေးအပ်

မြောင်းမြ ဩဂုတ် ၂၀

ကျေးလက်ဒေသ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကို အထောက်အကူဖြစ်စေပြီး ငါးရှဉ့်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက မြို့နယ်အတွင်း ငါးရှဉ့်အစုအဖွဲ့အတွက် ငါးရှဉ့်မြှုံးများပေးအပ်ခြင်းကို ဩဂုတ် ၁၃ ရက်နံနက်က မြောင်းမြမြို့ ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

အခမ်းအနားတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းက ဈေးကွက်ဝင် ငါးရှဉ့်များကိုသာ ဖမ်းဆီးထုတ်လုပ်ပြီး ရောင်းတန်းမဝင်သည့် ငါးရှဉ့်အကောင်ငယ်များကို မျိုးပြန်စိုက်ထည့်ခြင်းဖြင့် စဉ်ဆက်မပြတ် ရေရှည်စားသုံးနိုင်ရေး ဆွေးနွေးပြောကြားပြီး မြောင်းမြမြို့နယ် တဲ့တဲ့ကူးကျေးရွာအုပ်စု သဘော့ချောင်းကျေးရွာမှ ငါးရှဉ့်ထောင် လုပ်သား ၂၀ တို့အား တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း **(အပေါ်ပုံ)**၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးညီညီ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးမင်းနောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်တို့က ရေလုပ်သားကတ်ပြား ၂၀ နှင့် ငါးရှဉ့်မြှုံး ၃၀၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

21-8 (02).pmd 1 8/21/2011, 2:24 AM

❒ *ရှေ့ဖုံးမှ*

ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် အပိုင်း(၂) နိုင်ငံတော်၏ စီးပွားရေး အခြေခံများ ကဏ္ဍတွင် သဘာပတိအဖြစ် သံအမတ်ကြီး(အငြိမ်းစား) ဦးကျော်တင့်ဆွေက ဆောင်ရွက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည့်စုံကောင်းမွန်သော စီးပွားရေးဝန်းကျင်ဖော်ဆောင်ရေးစာတမ်း၊ မြန်မာ့မီးရထားအထွေထွေမန်နေဂျာ ဦးကြည်အေးက မြန်မာ့မီးရထား လက်ရှိအခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆန်းစစ်သုံးသပ်ချက်စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

ဆက်လက်၍ အပိုင်း(၃) ဝန်ဆောင်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများကဏ္ဍတွင်သဘာပတိအဖြစ် သံအမတ်ကြီး (အငြိမ်းစား) ဦးလှမောင်က ဆောင်ရွက်ပြီး ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်စိုးက ဆက်သွယ်မှုကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိက အထောက်အကူဖြစ်စေသည် စာတမ်းပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးညီညီက နိုင်ငံ၏ လူဦးရေနှင့် လုပ်သားအင်အား ခန့်မှန်းမှုစာတမ်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်က အလုပ်အကိုင် ရရှိမှုနှင့် အခွင့်အလမ်းရပိုင်ခွင့်များ စာတမ်း၊ လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးယုလွင်အောင်က မြန်မာနိုင်ငံလူမှုဖူလုံရေးစီမံကိန်းနှင့် အနာဂတ်မျှော်မှန်းချက်စာတမ်း၊ Cutting Making and Packaging (CMP) ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးက CMP နှင့် အလုပ်အကိုင်အခွင့်အလမ်းစာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက် ကျင်းပရာ အပိုင်း(၄)ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကဏ္ဍတွင်သဘာပတိအဖြစ် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးဆက်အောင်က ဆောင်ရွက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းငွေက စက်မှုနိုင်ငံသို့ တက်လှမ်းရာတွင် မလွဲမသွေဆောင်ရွက်ရမည့် Source Industry (သို့မဟုတ်) Mother Industry ထူထောင်ခြင်းစာတမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းက မြန်မာ့နိုင်ငံခြားကုန်သွယ်ရေးနှင့် ပို့ကုန်သွင်းကုန်ချိန်စက်မှုစာတမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်က ကုန်သွယ်မှုမူဝါဒများနှင့် ဖွံ့ဖြိုးမှုစာတမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ကျွမ်းကျင်သူ ဒေါ်မြသူဇာက ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစာတမ်း၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သွင်ဦးက အနာဂတ်ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒမြှင့်တင်ရေးဆိုင်ရာ အကြံပြုစာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

အပိုင်း(၅)

ထို့နောက် အပိုင်း(၅)ဘဏ္ဍာရေးနှင့် ငွေကြေးပေါ်လစီဆိုင်ရာ ဆောင်ရွက်မှုများကဏ္ဍတွင် သဘာပတိအဖြစ် မြန်မာ့အရှေ့တိုင်းဘဏ်ဥက္ကဋ္ဌ ဦးမြသန်းက ဆောင်ရွက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးနေအေးက မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများစာတမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးသိန်းဇော်က မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍ တိုးတက်ဖြစ်ပေါ်မှုစာတမ်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလင်းအောင်က နိုင်ငံတော်ကချမှတ်ထားသော ဘဏ္ဍာရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေအား သုံးသပ်တင်ပြခြင်းစာတမ်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မိုးကြည်က မြန်မာနိုင်ငံ၏အခွန်အရပ်ရပ်ကောက်ခံရရှိမှုနှင့် အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေကို လေ့လာတင်ပြခြင်းစာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

ရပ်နား

ယင်းနောက် စာတမ်းများအပေါ် သဘာပတိကခြုံငုံသုံးသပ်၍ တက်ရောက်လာကြသူများက ဝိုင်းဝန်းမေးမြန်းဖြည့်စွက်ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ(ဒုတိယနေ့)ကို ည ၇နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်များအပေါ် အခြေခံကာ ဖွံ့ဖြိုးမှုကို ရှုထောင့်ပေါင်းစုံဖြင့် ရှုမြင်၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအထိ ရည်မှန်းကြိုးပမ်းသွားကြရမည်ဖြစ်သည်။ သို့မှသာ လူထုလူတန်းစားများအကြား ဆင်းရဲချမ်းသာ ကွာဟမှုနည်းပါးပြီး ဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို လူတိုင်းခံစားနိုင်သည့် အရည်အသွေးရှိသော တိုးတက်မှုဖြစ်ပေါ်စေမည်ဖြစ်သည်။

ဆက်လက်ကျင်းပ

ယနေ့အလုပ်ရုံဆွေးနွေးပွဲ(ဒုတိယနေ့)တွင် စုစုပေါင်း စာတမ်းရှင် ၁၆ဦးက စာတမ်းပေါင်း ၁၆ စောင်ကို ဖတ်ကြားတင်သွင်းဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ(တတိယနေ့)ကို မနက်ဖြန် ဩဂုတ် ၂၁ရက် မွန်းတည့် ၁၂နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် အပိုင်း(၂) နိုင်ငံတော်၏ စီးပွားရေး အခြေခံများကဏ္ဍတွင် သဘာပတိအဖြစ် သံအမတ်ကြီး(အငြိမ်းစား) ဦးကျော်တင့်ဆွေ ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန် အလုပ်အကိုင်ရရှိမှုနှင့် အခွင့်အလမ်း ရပိုင်ခွင့်များ စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်စိုး ဆက်သွယ်မှုကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက်အကူဖြစ်စေသည် စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မိုးကြည် မြန်မာနိုင်ငံ၏ အခွန်အရပ်ရပ်ကောက်ခံရရှိမှုနှင့် အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေကို လေ့လာတင်ပြခြင်းစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက် ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၀

စပါးအထွက်နှုန်း တိုးတက်ရရှိရန်အတွက် တစ်ဧကတွင် ဝင်ဆံ့ရမည့် ကောက်ကွက် မှန်မှန်ကန်ကန်အပြည့်အဝ ဝင်ဆံ့ရေး၊ လက်ဆမှန်ရေး၊ အတိမ်အနက် မှန်ကန်ရေးတို့သည် အရေးကြီးသောကြောင့် ကောက်စိုက်သူများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်းဖြင့် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးသန့်ခြံ၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကောက်စိုက်ယှဉ်ပြိုင်နေမှုများကို အားပေးပြီး စပါးစိုက်ခင်းများအတွင်းသို့ ငါးခုံးမအကောင် တစ်သိန်း၊ ရွှေဝါငါးကြင်း ငါးသောင်းနှင့် ငါးရှဉ့်ငါးထောင်တို့ကို ထည့်သွင်းပေးသည်။

ဆက်လက်၍ လယ်ယာသုံးစက်ကိရိယာပြခန်း၊ ရဲတပ်ဖွဲ့ဥပဒေ ပညာပေးပြခန်းနှင့် စိုက်ပျိုးရေး ပညာပေးပြခန်းတို့ကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ကောက်စိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ဆုရ တောင်ငူခရိုင်အသင်း၊ တတိယဆုရ ပြည်ခရိုင်အသင်း၊ ဒုတိယဆုရ ပဲခူးခရိုင်အသင်းနှင့် ပထမဆုရ သာယာဝတီခရိုင်အသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်(**ဝဲပုံ**)နှင့် တာဝန်ရှိသူများက ဆုအသီးသီးချီးမြှင့်ကြသည်။ အခမ်းအနားတွင် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လယ်ယာသုံးစက်ကိရိယာ ရောင်းချသည့် ကုမ္ပဏီများက စုစုပေါင်း ငွေကျပ် ၆၇ သိန်း လှူဒါန်းကြသည်။

ပဲခူးတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ ခုနှစ်မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်စိုက်ပျိုးပြီးစီးမှု အခြေအနေမှာ စီမံကိန်းအနေဖြင့် ၃၀၄၃၉၀၂ ဧကဖြစ်ပြီး စိုက်ပျိုးပြီးဧကမှာ ၂၆၄၃၉၃၉ ဖြစ်၍ ၈၆ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်သည်။ ရေတော်မိုးတော် စီမံကိန်းအနေဖြင့် ၁၉၉၉၁၉၈ ဧကဖြစ်ပြီး ရာခိုင်နှုန်းပြည့် စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရသည်။

ကြီးကြပ်

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ တာဝန်ရှိသူများ အနေဖြင့် ရေမြုပ်ပျက်စီးသွားသော လယ်မြေများ အစားထိုး ပြန်လည်စိုက်ပျိုးပြီးစီးမှုနှင့် ပျက်စီးမှုတို့ကို ကွင်းဆင်း၍ စနစ်တကျပြုစုတင်ပြရန်၊ ပေးအပ်လှူဒါန်းထားသော မျိုးစပါးများကို အမှန်တကယ် ပျက်စီးသွားသော လယ်သမားများ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် တာဝန်ရှိသူများက ကြီးကြပ်ပေးရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက်ရှိသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၏ ဓာတ်ခွဲစစ်ဆေးချက်အရ RPG Lifesciences Ltd. Ankleshwar ထုတ် Aldactone Tablet (Spir-onolactone IP 25mg) ဆေးဝါးမှာ "ဆေးဝါးအတု" ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ ဆေးဝါးအတု၊ စံမညီဆေးဝါးများကိုမှီဝဲသော ရောဂါဝေဒနာရှင်များသည် စရိတ်များကုန်ကျသည့်အပြင် မိမိတို့ခံစားရသော ရောဂါများပျောက်ခြင်း လုံးဝ (လုံးဝ)မရှိဘဲ ပိုမိုဆိုးရွားသော အခြေအနေ ခံစားရမည်ဖြစ်သည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **(ကျန်းမာရေးဝန်ကြီးဌာန)**

ငါးမန်းအန္တရာယ်ကြောင့် ရုရှားအရှေ့ဖျားကမ်းခြေများပိတ်ထားမည်

မော်စကို ဩဂုတ် ၂၀

လွန်ခဲ့သည့်သုံးရက်ကဖြစ်ပွားခဲ့သော ငါးမန်းအကိုက်ခံရမှုများကြောင့် ရုရှားအရှေ့ဖျားရှိကမ်းခြေများကို ပိတ်ထားပြီး ငါးမန်းအကိုက်ခံရမှုမှ ကာကွယ်တားဆီးရန် ဒေသခံများအား ရုရှားအရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာဝန်ကြီးဌာနက ဩဂုတ် ၂၀ ရက်၌ ပြောကြားလိုက်သည်။ **(ဝဲပုံ)**

ဆေးကုသမှုခံယူ

ဩဂုတ် ၁၇ ရက်က ရုရှားအရှေ့ဖျားဒေသရှိ ဟာဆန်မြို့ကမ်းခြေမှ မီတာ ၁၀၀ ခန့်အကွာရေပြင်၌ အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦးအား ငါးမန်းတစ်ကောင်တိုက်ခိုက်မှုကြောင့် ၎င်း၏ လက်နှစ်ဖက်စလုံး ပြတ်သွားခဲ့သည်။ တစ်ဖန် ဩဂုတ် ၁၈ ရက်ကလည်း ယင်းရေပြင်၌ပင် ငါးမန်းတစ်ကောင် တိုက်ခိုက်မှုကြောင့် အသက် ၁၆ နှစ်အရွယ် လူငယ်တစ်ဦး ခြေထောက်များ ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ငါးမန်းတိုက်ခိုက်ခံရသူနှစ်ဦးစလုံးမှာ ဗလာဒီဗိုစတော့ခ်မြို့ဆေးရုံတွင် ဆေးကုသမှုခံယူနေရသည်။ **(အင်တာနက်)**

ခရီးသည်လေးဦး လိုက်ပါသွားသည့် ရဟတ်ယာဉ် ဘရာဇီးကမ်းခြေတစ်နေရာ၌ ပျံသန်းရင်း ပျောက်ဆုံးနေ

ရီရိုဒီဂျနေးရိုး ဩဂုတ် ၂၀

ဘရာဇီးနိုင်ငံတွင် ခရီးသည်လေးဦးစီးနင်းသွားသည့် ရဟတ်ယာဉ်တစ်စင်း အဆက်အသွယ်မဲ့၍ ပျောက်ဆုံးနေကြောင်း ဒေသတွင်းသတင်းဌာနများက ဩဂုတ် ၁၉ ရက်နှောင်းပိုင်းတွင် သတင်းဖော်ပြကြသည်။

ပတ်ထရိုဘရာဝန်ဆောင်မှုလုပ်ငန်းမှ စင်းလုံးငှား ယင်းရဟတ်ယာဉ်သည် ရီရိုဒီဂျနေးရိုးပြည်နယ် ကမ်းခြေဘက်ခြမ်းရှိ အန်ချီဗာကွင်းပြင်ပလက်ဖောင်း အမှတ် P-12 မှ ပျံတက်ခဲ့ခြင်းဖြစ်သည်။ ရဟတ်ယာဉ်မှူးက လေကြောင်းထိန်းချုပ်မှု အခက်တွေ့၍ မွန်းလွဲနှောင်းပိုင်းအချိန်တွင် မာစီးလေယာဉ်ကွင်းသို့ အရေးပေါ် ဆင်းသက်ခွင့်တောင်းခံခဲ့သေးကြောင်း ပတ်ထရိုဘရာမှ ပြောကြားသည်။

ရှာဖွေ

နောက်ပိုင်းတွင် ရဟတ်ယာဉ်မှ အချက်ပြအဆက်အသွယ်မရရှိတော့သဖြင့် ကုမ္ပဏီက အရေးပေါ်ရှာဖွေရေးကို စတင်ဆောင်ရွက်နေရသည်။ ဘရာဇီးရေတပ်နှင့် လေတပ်တို့သည်လည်း ယင်းရဟတ်ယာဉ်ရှာဖွေရေးတွင် ပါဝင်ကူညီလျက်ရှိကြောင်း၊ ယာဉ်ပေါ်လိုက်ပါသွားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ပတ်ထရိုဘရာကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိချေ။ *အမ်အင်န်အေ၊ဆင်ဟွာ*

ကဘူးလ်မြို့ရှိ ဗြိတိသျှကောင်စစ်ဝန်ရုံး သေနတ်သမားများ စီးနင်းတိုက်ခိုက်

ကဘူးလ် ဩဂုတ် ၂၀

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ ဗြိတိသျှကောင်စစ်ဝန်ရုံးကို ဩဂုတ် ၁၉ ရက်က လက်နက်ကိုင်သေနတ်သမားများက စီးနင်းတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၁၂ ဦးသေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၀ ရက်တွင် ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ ကောင်စစ်ဝန်ရုံးဝင်းနံရံကို သေနတ်သမားများက ဦးစွာကားဗုံးခွဲ ဖျက်ဆီးပစ်လိုက်ပြီးနောက် သေနတ်သမားများ ရုံးအတွင်း ဝင်ရောက်သွားပြီး စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

နာရီ အတော်ကြာ ပစ်ခတ်မှုများ၊ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် ကဘူးလ်မြို့ရှိ ဗြိတိသျှ သံအမတ်ကြီးက သေနတ်သမားများအားလုံး သေဆုံးခဲ့ကြောင်း ပြောကြားသည်။ ယင်းတိုက်ခိုက်မှုသည် အာဖဂန်နစ္စတန်နိုင်ငံ ၁၉၁၉ ခုနှစ်တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရသည့် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်တို့က ပြောကြားသည်။ ယင်းတိုက်ခိုက်မှုအတွင်း အနည်းဆုံး အာဖဂန်ရဲတပ်ဖွဲ့ဝင်ရှစ်ဦး၊ နယူးဇီလန်အထူးတပ်ဖွဲ့ဝင်တစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးလည်း သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၀-၈-၂၀၁၁

တင်မောင်လွင် - စုစည်းသည်

ဥရောပသို့ ရုရှားဓာတ်ငွေ့ပို့လွှတ်မှု တိုးလာ

ဥရောပသမဂ္ဂနိုင်ငံများသို့ ရုရှားနိုင်ငံ၏ဓာတ်ငွေ့ရောင်းချမှုမှာ ယခုနှစ်ပထမနှစ်ဝက်အထိ ၂၀ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း ရုရှားနိုင်ငံ စွမ်းအင်ဝန်ကြီး ဆာဂျီစမတ်ကိုရာက ဩဂုတ် ၂၀ရက်၌ပြောကြားခဲ့သည်။ ဥရောပသမဂ္ဂနိုင်ငံများတွင် ဓာတ်ငွေ့သုံးစွဲမှုပမာဏ ပိုမိုများပြားလာကြောင်း၊ ဥရောပသမဂ္ဂနိုင်ငံများ၏ လိုအပ်ချက်ကို ပိုမိုတိုးမြှင့်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးစမတ်ကိုရာက ရုရှားတူဒေး ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။ *(အင်တာနက်)*

ဖိလစ်ပိုင်၌ ယာဉ်တစ်စီး ချောက်ထဲထိုးကျ

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း စီဘူးပြည်နယ်၌ ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက ကားတစ်စီး ချောက်ထဲထိုးကျမှုကြောင့် ကားပေါ်လိုက်ပါလာသူ အနည်းဆုံး ၁၂ ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါကားသည် နာရေးလိုက်ပို့သူများအား တင်ဆောင်လာပြီး ဘာရီလီမြို့ရှိ နာရေးကိစ္စသို့အသွား ဘရိတ်ပေါက်ပြီးနောက် ဘာလောရွာအနီးရှိ ချောက်တစ်ခုအတွင်းသို့ကျကာ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားခဲ့သည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

အီရန်နိုင်ငံ တီဟီရန်မြို့တွင် မီးလောင်

အီရန်နိုင်ငံ မြို့တော်တီဟီရန်တွင် ဩဂုတ် ၁၈ ရက်က မီးလောင်မှုဖြစ်ပွားပြီးနောက် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း မီဒီယာသတင်းဌာနက ဩဂုတ် ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ မီးလောင်မှုမှာ မတော်တဆမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တီဟီရန်မြို့လယ် မနောချီဟာရီလမ်းရှိ အဆောက်အအုံတစ်ခုမှ ဒေသစံတော်ချိန် နံနက် ၄ နာရီခွဲတွင် စတင်ဖြစ်ပွားခဲ့ကြောင်း ၎င်းသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကာရစ်ဘီယံပင်လယ်အတွင်း ဗင်နီဇွဲလားရဟတ်ယာဉ်ပျက်ကျ

ကာရစ်ဘီယံပင်လယ်၌ ဩဂုတ် ၁၇ရက်က ဗင်နီဇွဲလား စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အပျက်အစီးများနှင့် ၎င်းလေယာဉ်ပေါ်တွင် ပါရှိသွားသူငါးဦး၏ ရုပ်အလောင်း ငါးလောင်းကို ဗင်နီဇွဲလားရေတပ်မှ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဩဂုတ် ၂၀ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ ***(အင်တာနက်)***

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - ရေးသားသည်

စပိန်တောင်ပိုင်း၌ တောမီးလောင်ကျွမ်း ရဟတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရ

မက်ဒရစ် ဩဂုတ် ၂၀

စပိန်နိုင်ငံ တောင်ပိုင်းတွင် ဩဂုတ် ၁၉ ရက်က တောမီးလောင်မှုဖြစ်ပွားခဲ့ရာ အနီးဝန်းကျင်တွင် နေထိုင်သူဒေသခံ ၂၀၀၀ ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ရဟတ်ယာဉ်များဖြင့် ရေဖျန်းကာ မီးငြိမ်းသတ်ခဲ့ရကြောင်း စပိန်မီဒီယာများက ဩဂုတ် ၂၀ ရက်၌ ဖော်ပြသည်။

ငြိမ်းသတ်

တောမီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင် ၅၀၀ နှင့် စပိန်တပ်ဖွဲ့ဝင် ၃၅၀ တို့အပါအဝင် ရဟတ်ယာဉ်နှင့် လေယာဉ် ၁၂ စင်းတို့ဖြင့် မီးကူးစက်မပျံ့နှံ့ရေး ကြိုးစားငြိမ်းသတ်ခဲ့ရသည်။

တောမီးလောင်မှုကို ကာတီဂီနာမြို့သို့ ကူးစက်လောင်ကျွမ်းမှုမရှိအောင် တားဆီးကာကွယ်ထားကြောင်း၊ ဒေသတွင်းအပူချိန်မြင့်မားမှုနှင့် ပူပြင်းခြောက်သွေ့မှုတို့ကြောင့် တောမီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။ **(အပေါ်ပုံ)**

ထိန်းချုပ်နိုင်

တောမီးလောင်မှုဖြစ်ပွားရာအနီး ပို့မင်းကျေးရွာမှ ဒေသခံများကိုလည်း ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ တောမီးလောင်မှုဖြစ်ပွားရာနေရာများသို့ မီးသတ်တပ်ဖွဲ့ဝင်များအား ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။ ဩဂုတ် ၂၀ ရက်၌ တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ နှစ်ရက်အတွင်း ဗုံးခွဲတိုက်ခိုက်ပစ်ခတ်မှုများဖြစ်ပွား လူအများအပြားသေဆုံး

အစ္စလမ္မာဘတ် ဩဂုတ် ၂၀

ဩဂုတ် ၁၉ နှင့် ၂၀ ရက်များတွင် ပါကစ္စတန်နိုင်ငံ မြို့ကြီးအချို့၌ ဗုံးခွဲတိုက်ခိုက်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ လူအများအပြား သေဆုံးခဲ့သည်။

ဂျမ်ရုဒ်မြို့

ပါကစ္စတန်နိုင်ငံ ခိုင်ဘာခရိုင် ပက်ရှ်ဝါမြို့မှ ၁၆ မိုင်ခန့်အကွာ ဂျမ်ရုဒ်မြို့ရှိ အဆောက်အအုံတစ်ခုတွင် ဩဂုတ် ၁၉ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ၅၃ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ဩဂုတ် ၂၀ ရက်၌ ပြောကြားသည်။ ***(ယာပုံ)***

ဖြစ်ပွားမှုမှာ ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက အသက် ၁၆ နှစ်အရွယ် လူငယ်တစ်ဦးက ၎င်းအဆောက်အအုံအတွင်း ဝင်ရောက်ကာ အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဗုံးခွဲတိုက်ခိုက်ချိန်တွင် အဆောက်အအုံအတွင်း လူအများအပြား ရှိနေသောကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုဦးရေ များပြားခဲ့ခြင်းဖြစ်သည်။ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၎င်းအဆောက်အအုံအတွင်းမှ လူ ၅၀၀ ကျော်မှာ အပြင်ဘက်သို့ ထွက်ပြေးခဲ့ကြကြောင်း၊ အချို့လူများမှာ အပျက်အစီးများအောက်၌ ပိမိနေခဲ့ကြကြောင်း သိရှိရသည်။ ဗုံးပေါက်ကွဲမှုကြောင့် ယင်းအဆောက်အအုံမှာ ပြိုကျပျက်စီးခဲ့ပြီး ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံသို့ တင်ပို့ပေးခဲ့ရသည်။ ပါကစ္စတန်နိုင်ငံ၌ ပြီးခဲ့သည့်သုံးလအတွင်း အဆိုးရွားဆုံး ဗုံးခွဲတိုက်ခိုက်မှုပင်ဖြစ်သည်။

တောင်ဝါဇီရစ္စတန်ပြည်နယ်

ထို့အတူ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း တောင်ဝါဇီရစ္စတန်ပြည်နယ်တွင် ဩဂုတ် ၁၉ ရက်၌ အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်တစ်စင်းက ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံသုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု အာဒူရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်သည်။ အမေရိကန်မောင်းသူမဲ့ လေယာဉ်က ကီဆီလ်ဘာမယ်အရပ်သို့ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တိုရာဟာမ်မြို့

တစ်ဖန် ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း တိုရာဟာမ်မြို့ဈေးအနီးတွင် ဩဂုတ် ၁၉ရက်က အာဖဂန်ရှိ နေတိုးတပ်ဖွဲ့သို့ ထောက်ပံ့ပေးမည့် လောင်စာဆီတင်ယာဉ်တစ်စီး တိုက်ခိုက်ခံရပြီး မီးလောင်ပျက်စီးခဲ့သည်။ ယင်းနေ့၌ပင် ကွီတာမြို့အနီးတွင် နေတိုးလောင်စာဆီတင်ယာဉ်လေးစီး တိုက်ခိုက်ခံရပြီး မီးလောင်ပျက်စီးခဲ့သည်။

ကရာချီမြို့

ထို့အတူ ပါကစ္စတန်နိုင်ငံ ကရာချီမြို့၌ ဩဂုတ် ၂၀ရက် နံနက်တွင် အကြမ်းဖက်သမားများက ရဲတပ်ဖွဲ့၏ မော်တော်ယာဉ်တစ်စီးကို တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးပြီး အခြားလူ ၅၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အာဒူရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်သည်။ အခင်းဖြစ်ပွားမှုမှာ ယင်းနေ့နံနက်က ကရာချီမြို့ ချာကရာဂို့သ်အရပ်တွင် ရဲတပ်ဖွဲ့ဝင် ၅၀ကျော်တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးအား အကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်ဟု ပါကစ္စတန်ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ရက်မင်းမာလစ်ခ်က ပြောကြားသည်။ ***အမ်အင်န်အေ၊ ဆင်ဟွာ***

ချောင်းဦးမြို့နယ်၌ မိုးစပါး စိုက်ပျိုးစရိတ်ပေးအပ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တက်ရောက်

နေပြည်တော် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ချောင်းဦးမြို့နယ် ထူးနီကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အသင်းသို့ မိုးစပါး စိုက်ပျိုးစရိတ်များပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (ဝဲပုံ)

ထို့နောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်ရီက စိုက်ပျိုးစရိတ်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်မောင်းက ထူးနီကျေးရွာအုပ်စုရှိကျေးရွာများမှ တောင်သူများအတွက် စိုက်ပျိုးစရိတ် ငွေကျပ် ၇၆ သိန်းကို ထူးနီကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အသင်းဥက္ကဋ္ဌထံပေးအပ်သည်။

တက်ရောက်အားပေး

အလားတူ ဇေယျာပဒေသာဖောင်ဒေးရှင်းသည် ဩဂုတ် ၁၆ ရက်တွင် မုံရွာမြို့နယ် သာစည်ကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အသင်းသို့လည်း သာစည်ကျေးရွာအုပ်စုမှတောင်သူများအတွက် စိုက်ပျိုးစရိတ် ငွေကျပ် ၈၃၅၀၀၀၀ကို ပေးအပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်အားပေးခဲ့ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မုံရွာမြို့ တိုင်းရင်းဆေးရုံ၌ အမျိုးသား၊ အမျိုးသမီး တိုးချဲ့လူနာဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ပင်စင်ဦးစီးဌာနသို့ ရောက်ရှိရာ တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်သိန်းက တိုးမြှင့်ပင်စင်များ နေ့စဉ်ဆောင်ရွက်ပေးမှု၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ တိုက်ကြီးမြို့နယ်၌ကျင်းပ

တိုက်ကြီး ဩဂုတ် ၂၀

၂၀၁၁ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံဒေသ ရွှေကန်သာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ဇင်ပြုံးတို့က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

အခမ်းအနားတွင် တာဝန်ရှိသူများက ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်ဆေးလုံးများတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများနှင့် အာဟာရဖြည့်အစားအစာများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ) (မြို့နယ် ပြန်/ဆက်)**

သုံးဆယ် အထက ပညာရည်ချွန်ဆုချီးမြှင့်

သုံးဆယ် ဩဂုတ် ၂၀

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက သုံးဆယ်မြို့ အခြေခံပညာအထက်တန်းကျောင်း ပီမိုးနင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်က အမှာစကားပြောကြားပြီး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဘာသာမှ ငါးဘာသာအထိ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၈ ဦးတို့အား ဆုများချီးမြှင့်ပေးခဲ့သည်။ ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌဦးကံသိမ်းက မြို့နယ်အောင်ချက်အကောင်းဆုံးဆုကို ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်အား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**

ဩဂုတ် ၁၈ရက်က ဗဟန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျင်းပသည့် ၂၀၁၁အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် အာဟာရချက်ပြုတ်ပြိုင်ပွဲ၊ စံပြမိခင်ပြိုင်ပွဲနှင့် ကိုယ်ဝန်ဆောင်ထောက်ပံ့ခြင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရများ ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ် ထွေ/အုပ်)

ငါးသယံဇာတတိုးပွားရေး ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

မြင်းခြံ ဩဂုတ် ၂၀

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးသယံဇာတများ တိုးပွားစေရေးနှင့် ငါးထုတ်ကုန်တိုးတက်စေရေးအတွက် ငါးမျိုးများ စိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၃ ရက်က မြင်းခြံ၌ ကျင်းပရာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများ၊ ရေလုပ်သားများနှင့် ပြည်သူများစုပေါင်း၍ငါးမြစ်ချင်း၊ ငါးမှုန်ကြီး ၂၇သိန်းနှင့် ငါးမြစ်ချင်း၊ ငါးသန်သုံးသိန်း စုစုပေါင်းကောင်ရေ သိန်း ၃၀အား ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

COWBOYS AND ALIENS ဇာတ်ကားသစ်ရုံဝင်လာ

ရန်ကုန် ဩဂုတ် ၂၀

ယခုသီတင်းပတ် ဩဂုတ် ၁၉ရက် (သောကြာနေ့)၌ မြန်မာဇာတ်ကားသစ် ရုံဝင်လာခြင်းမရှိဘဲ ပရိသတ်အကြိုက် အက်ရှင်သိပ္ပံ နိုင်ငံခြားဇာတ်ကားသစ် Cowboys & Aliens ရုပ်ရှင်ကား ရွှေ့ဆောင်ရုံတွင် ရုံဝင်လာသည်။

ဒါရိုက်တာ Jon Favreau ရိုက်ကူးပြီး ဇာတ်ညွှန်း Roberto Orci etc ရေးဖွဲ့ကာ သရုပ်ဆောင် Daniel Craig နှင့် ကမ္ဘာကျော်ရုပ်ရှင်မင်းသားကြီး Harrison Ford တို့ အဓိကပါဝင်သရုပ်ဆောင်ထားကြသည့် စိတ်လှုပ်ရှားဖွယ် သိပ္ပံဇာတ်ကားဖြစ်ရာ ပရိသတ်အကြိုက်တွေ့စေမည် ဖြစ်သည်။ **(ယာပုံ)**

နယူးမက္ကဆီကိုပြည်နယ်မှ မေ့မြောနေသော လူတစ်ဦး သတိပြန်ရလာသော်လည်း အတိတ်မေ့နေပြီး သူ့လက်၌ ထူးဆန်းသော လက်ကောက်ကြီး တစ်ကွင်း ရောက်ရှိနေခဲ့သည်။ ထို့နောက် တွေ့ကြုံသမျှ အဖြစ်အပျက်များကို ထူးဆန်းသောလက်ကောက်ကြီး အစွမ်းဖြင့် ကျော်ဖြတ်နိုင်ခဲ့ပုံ၊ တစ်ဖန် ဂြိုဟ်သားများဖြင့် ရင်ဆိုင်တိုက်ခိုက်မှုများ၊ နောက်ဆုံးဂြိုဟ်သားတို့၏ အာကာသယာဉ်ကို လက်ကောက်ကြီး အစွမ်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ပုံများကို သည်းထိတ်ရင်ဖိုစွာ ရိုက်ကူးပြသထားသည့်ဇာတ်ကား ဖြစ်

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

သည်။ နေပြည်တော်ရုံတွင် ဒါရိုက်တာ David Yates ရိုက်ကူးသည့် Harry Potter And The Deathly Hallows (Part-2) ဇာတ်ကား ဆက်လက်ပြသလျက်ရှိရာ မအားလပ်သဖြင့် မကြည့်ရှုရသေးသော ပရိသတ်များအတွက် ကြည့်ရှုခွင့်ရဦးမည်ဖြစ်သည်။

ဆက်လက်ပြသ

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)၏ **လာထားအာဘွား-၂** ဟာသဇာတ်မြူး ရုပ်ရှင်ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။ မိုးမြင့်ဟိန်းအဖြစ် နေတိုး၊ ဉာဏ်ကျယ်အဖြစ် ဝေဠုကျော်၊ သွန်းစန္ဒီချစ်အဖြစ် သက်မွန်မြင့်၊ အမေ့ထိန်းအဖြစ် မေတ္တာတို့၏ အနုပညာမြောက်စွာ သရုပ်ဆောင်မှုများက ပရိသတ်အတွက် စိတ်လက်ရွှင်လန်းစေမည် ဖြစ်ပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကျွဲ၊ နွားများ ကူးစက်ရောဂါမဖြစ်စေရေး ကာကွယ်ဆေးများထိုးနှံပေး

ပဲခူး ဩဂုတ် ၂၀

ပဲခူးမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်နေသော ကျေးရွာများ၌ ကျွဲ၊ နွားများတွင် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် တစ်ရွာဝင် တစ်ရွာထွက် ကာကွယ်ဆေးများ လိုက်လံထိုးနှံပေးလျက်ရှိရာ ဩဂုတ် ၁၂ ရက်က ပဲခူးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ ခိုင်စပယ်မြင့် ဦးဆောင်သောအဖွဲ့သည် ရေမြုပ်ကျေးရွာများသို့ သွားရောက်ပြီးနောက် ကာကွယ်ဆေးများ ထိုးပေးလျက်ရှိကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ဆင်းသုခစပါးမျိုးဖြင့် အလှဆင်နေသည့် ဒိုက်ဦးမြို့နယ်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက် ပိန်းဇလုပ်သိန်းညွန့်

နေပြည်တော် ဩဂုတ် ၂၀

မြန်မာတစ်နိုင်ငံလုံးတွင် စပါး တစ်ဧကလျှင် တင်း ၁၀၀ နှုန်းအထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ အချက် (၁၄)ချက်နှင့်အညီ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။ ပဲခူး တိုင်းဒေသကြီးတွင်လည်း စပါးတစ်ဧကေ ပန်းတိုင်အထွက်နှုန်းပျမ်းမျှ တင်း ၁၀၀ အထက် ထွက်ရှိနိုင်ရေးအတွက် တောင်သူများ မိရိုးဖလာ စပါးစိုက်ပျိုးနည်းစနစ်ကနေ ခေတ်မီသိပ္ပံနည်းကျ စပါးစိုက်ပျိုးနည်းစနစ်ကို ပြောင်းလဲကျင့်သုံးပြီး အရည်အသွေးမြင့်မားသော မျိုးကောင်းမျိုးသန့် ဆန်စပါးများ စိုက်ပျိုးရေးတို့ကို အလေးထားကြိုးစားလျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီးတွင် မျိုးကောင်းမျိုးသန့် စပါးများ ပြောင်းလဲစိုက်ပျိုးလျက်ရှိရာ ယခုအခါ ဧက ၂၅၅၀၀၀ ကျော်ခဲ့ပြီဖြစ်သည်။

တိုးချဲ့စိုက်ပျိုး

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်း ဆန်စပါးမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရာ၌ ခေတ်မီသိပ္ပံနည်းကျပျိုးပေါင်စနစ်ဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းကို အားမာန်အပြည့်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ဆန်စပါးမျိုးကောင်း မျိုးသန့်များကို သိပ္ပံနည်းကျပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးလျက်ရှိရာ ဒိုက်ဦးမြို့နယ်၌ စုစုပေါင်းဧက ၁၄၇၀ကျော် ရှိနေပြီဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးအတွင်း မျိုးကောင်းမျိုးသန့် တိုးချဲ့စိုက်ပျိုးမှုတွင် ဆင်းသုခမျိုးလည်းပါဝင်လေသည်။

မိမိတို့သတင်းအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့သို့ ဇွန် ၁၆ရက်က ရောက်ရှိစဉ် ဆင်းသုခဆန်စပါးမျိုးသစ်များကို သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသည့် ဒရယ်မီး ကျေးရွာအနီး စိုက်ခင်းသို့ လေ့လာရေး ရောက်ခဲ့သည်။

ဒိုက်ဦးမြို့နယ် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးမြင့်အောင်က "ဒိုက်ဦးမြို့နယ်အတွင်း လယ်ယာတစ်ခွင်မှာ ခေတ်မီသိပ္ပံနည်းကျ စပါးစိုက်ပျိုးနည်းစနစ်(၁၄)ချက်ဖြင့် အထွက်ကောင်းမျိုးသန့်စပါးတွေ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဖြစ်ထွန်းစေဖို့ ဆောင်ရွက်နေပါတယ်။ ယခု ကျွန်တော်တို့ သိပ္ပံနည်းကျပေါင်ပျိုးစနစ်ဖြင့် ဆင်းသုခမျိုးကောင်းမျိုးသန့် မျိုးစပါး ၇၅ ဧက၊ မော်ဘီ(၂) မျိုး စပါး ၂၅ ဧက ပျိုးထောင်စိုက်ပျိုးလျက်ရှိပါတယ်။ အခုလို မျိုးကောင်းမျိုးသန့်စပါးတွေကို ပျိုးပေါင်စနစ်နဲ့ ပျိုးထောင်စိုက်ပျိုးတာက ဒီနှစ်မှ စတင်တာပါ" ဟု ရှင်းပြသည်။

စိုက်ပျိုး

"အခုစိုက်ထားတဲ့ ဆင်းသုခစပါးမျိုးကိုလည်း ကတုတ်နဲ့ ပေါက်တပင်မျိုးသန့်ခြံတွေကယူပြီး စိုက်ပျိုးထားတာပါ။ ဆင်းသုခမျိုးကတော့ ဒေသရာသီဥတုနဲ့

ဒိုက်ဦးမြို့နယ် ဒရယ်မီးကျေးရွာ ကွင်းအမှတ် (၄၁၀-ခ/၇) ဦးပိုင်အမှတ် (၂၇/၁) တောင်သူ ဦးသောင်းညွန့်၏ ၁၀ ဧက စိုက်ကွင်းတွင် အောင်မြင်ဖြစ်ထွန်းနေသော စိုက်ပျိုးပြီးစ စပါးခင်းကိုတွေ့ရစဉ်။

ကိုက်ညီတယ်။ အပင်သက်တမ်း ၁၃၅ ရက်ပဲရှိပြီး ရိတ်သိမ်းလို့ရတယ်။ အခု ဆင်းသုခမျိုး တစ်ဧက တင်း ၁၀၀အထက် ထွက်ရှိမှာဖြစ်ပါတယ်။ အရည်အသွေး ပြည့်မီပြီး အထွက်နှုန်း တိုးမြင့်လာမှာဖြစ်တဲ့အပြင် ဆန်ကြိတ်ခွဲရာမှာလည်း

ဒိုက်ဦးမြို့နယ် ဒရယ်မီး ကျေးရွာနေ တောင်သူ ဦးသောင်းညွန့် ရှင်းပြစဉ်။

သာမန်စပါးတွေထက် ဆန်ထွက်နှုန်းပိုလာမှာမို့ တောင်သူတွေဝင်ငွေပိုမို တိုးတက်လာမှာဖြစ်ပါတယ်"ဟု ဆက်လက်ရှင်းပြသည်။

"မြို့နယ်အနေနဲ့ မိုးရာသီစတာနဲ့ သက်ဆိုင်ရာစိုက်ပျိုးရေး ညှိနှိုင်းအဖွဲ့တွေနဲ့ပူးပေါင်းပြီး ဒေသခံတောင်သူတွေကို မျိုးကောင်းမျိုးသန့် သုံးစွဲမှုနဲ့ သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်ကို လိုက်နာကျင့်သုံးမှုရှိလာစေရေးပညာပေး ဆောင်ရွက်မှုတွေကို ကတုတ်ဘုရားကြီး၊ ပေါက်တပင်၊ ဒိုက်ဦး မြို့မ၊ ဆာပါခြို၊ နတ်ကင်း စိုက်ပျိုးရေး ပညာပေးရေးစခန်းတွေမှာ ပညာပေး လက်တွေ့သရုပ်ပြပေးပါတယ်။ တောင်သူတွေအတွက် စိုက်ပျိုးစရိတ်ကိုလည်း အချိန်မီရရှိအောင် ကူညီဆောင်ရွက်ပေးသလို စိုက်ပျိုးစရိတ်တွေ အပြေအကျေရရှိအောင် ဆောင်ရွက်ခြင်း လုပ်ငန်းတွေကိုလည်း သက်ဆိုင်ရာအဖွဲ့ အစည်းတွေနဲ့ပူးပေါင်းပြီးကူညီ ဆောင်ရွက်နေပါတယ်"ဟု ဒိုက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ရှင်းပြသည်။

အောင်မြင်ခဲ့

ဒရယ်မီးကျေးရွာ ကွင်းအမှတ် (၄၁၀-ခ/၇)၊ ဦးပိုင်အမှတ်(၂၇/၁)တွင် ပျိုးပေါင်စနစ်စိုက်နည်းဖြင့် လက်တွေ့စိုက်ပျိုးနေသော တောင်သူဦးသောင်းညွန့်ကလည်း "မိုးစပါးကို ပျိုးပေါင်စနစ်ဖြင့် လက်တွေ့စိုက်ပျိုးခဲ့ရာ အခက်အခဲမရှိ အောင်မြင်ခဲ့ကြောင်း" သတင်းအဖွဲ့ကို ရှင်းပြသည်။

မိမိတို့သတင်းအဖွဲ့အနေဖြင့် ပျိုးပေါင်စနစ်ဖြင့် ဆင်းသုခမျိုးစပါးစိုက်ခင်းများ မြင်တွေ့ရသည်မှာ လယ်ကွက်အတွင်း မြသားကမ္ဗလာ ခင်းထားသကဲ့သို့ စိမ်းမြမြနေသည်။ ဖွံ့ထွားရှင်သန် စိမ်းစိုနေသောပျိုးပင်များမှာ အမြင်အာရုံကို ဖမ်းစားထားသည်။

ထို့အပြင် နွေစပါးအနေဖြင့်လည်း ဆင်နွှယ်ရင်း၊ ရတနာအောင်၊ ရတနာတိုး စသည့် မျိုးကောင်းမျိုးသန့်စပါးများကို ထပ်စိုက်ပြီး မျိုးများလုံလောက်စွာ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းလည်း သိခဲ့ရသည်။

ဝင်ငွေတိုး

ထို့ကြောင့် တောင်သူများအနေဖြင့် စပါးတစ်ဧက တင်း ၁၀၀ နှုန်း အထက်ထွက်ရန် သိပ္ပံနည်းကျစိုက်နည်းစနစ်ကို လိုက်နာကျင့်သုံးခြင်း၊ မိုးနှင့်နွေစပါး မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်း မြင့်ပြီး ဝင်ငွေတိုးကာ တောင်သူတစ်ဦးချင်း လူနေမှုဘဝ တိုးတက်မြင့်မားလာမည့်အပြင် ပဲခူးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီ ဟူသော ဂုဏ်ပုဒ်မှာ အမြဲထာဝရ တည်တံ့နေမည် ဖြစ်ပါကြောင်း သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။ ။

ပျိုးခင်းများ စနစ်တကျ ဤသို့ ပြုစုနေပုံကို တွေ့မြင်ခဲ့ရသည်။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ပတ္တလားပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

ပတ္တလားပြိုင်ပွဲတေးသီချင်းများ

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
- (ခ) ညာသပြေဘောင် (ကြိုး)
- (ဂ) တောမြိုင်ခြေလမ်း (ယိုးဒယား)
- (ဃ) ထောင်ရောင်နေကသာ (သီချင်းခံ)
- (င) ပန်းမြိုင်လယ် (ယိုးဒယား)
- (စ) ဟေဝန်စုံမြိုင် (ပတ်ပျိုး)
- (ဆ) စုံသာမြိုင်လယ် (သီချင်းခံ)
- (ဇ) ညင်းညင်း (မွန်)

၂။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) ပန်းဟေဝန် (ယိုးဒယား)
- (ခ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
- (ဂ) စိန်ကြောင်နီလာ (ပတ်ပျိုး)

၃။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) ကန္တာတောခြေ (ယိုးဒယား)
- (ခ) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ဂ) မှန်ရဝေ (ပတ်ပျိုး)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) သောင်းရွှေလယ် (ယိုးဒယား)
- (ခ) မြန်ချာမြေကို (ပတ်ပျိုး)
- (ဂ) ဝေဇယန်နှင့်နှုန်းပြား (ကြိုး)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) မှန်ညောင်သဇ္ဇာ (ဝတ်တော်ရုံဘွဲ့)
- (ခ) ဟေမန်ပွေဟန် (ပတ်ပျိုး)
- (ဂ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) သာယာ သာယာ (ကြိုး)
- (ခ) သီဒါ သီဒါ မြသား (ကြိုး)
- (ဂ) ဇေယျာမြို့ (ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

မအူပင်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

မအူပင် ဩဂုတ် ၂၀

မအူပင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၃ရက်က မအူပင်မြို့ ဆေးရုံသစ်လမ်း၌ ကျင်းပရာ မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးတင်အောင်နှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများက ကျွန်းပင် ၄၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

စိုက်ပျိုး

မအူပင်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၁ခုနှစ် မိုးရာသီအတွင်း တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာယူကလစ်ပင် ၂၀ အပါအဝင် စုစုပေါင်း အပင် ၁၁၈၀၀ နှင့် မြို့နယ်သစ်တောဦးစီးဌာနအစီအစဉ်ဖြင့် ကျွန်းနှင့် ယူကလစ်ပင် ၄၇၀၀ တို့အား ဖြန့်ဝေစိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တောဦးစီး)**

စိန်ရတုမြောင်းကူးတံတား လပွတ္တာ၌ တည်ဆောက်

လပွတ္တာ ဩဂုတ် ၂၀

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မြို့ပြ တည်ဆောက်ရေးလုပ်ငန်းဖြစ်သော လပွတ္တာမြို့တွင်းရှိ စိန်ရတုလမ်း မြောင်းကူးတံတား ဆောက်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမြင့်တို့ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် လုံခြုံရေးဆပ်ကော်မတီ၊တည်းခိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေ ရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီအဖွဲ့ဝင်များ၏ တွေ့ဆုံ ဆွေးနွေးပွဲကို ဩဂုတ် ၁၉ရက် မွန်းတည့် ၁၂နာရီတွင် နေပြည်တော် အားကစား ဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ **(အပေါ်ယာပုံ)**က လုပ်ငန်းဆိုင်ရာများဆွေးနွေးပြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးက ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များကိုဖတ်ကြားတင်ပြရာ ဒုတိယဝန်ကြီးက ဆပ်ကော်မတီတစ်ခုချင်းအလိုက် ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ရဲမှူးချုပ်ဇော်ဝင်းက လုံခြုံရေးဆပ်ကော်မတီ၏လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဦးအေးမြင့်ကြူက ဆပ်ကော်မတီအလိုက် ယခုဆွေးနွေးချက်များအပြင် မည်သည့်အချက်အလက်များကိုမဆို သတင်းရယူဖော်ထုတ်၍ မိမိတို့ ဆောင်ရွက်သင့်သည်များ စုစည်းစီမံသွားကြရန် ပြောကြားကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

မိုးရာသီအလွတ်တန်း အမျိုးသား/အမျိုးသမီး တစ်ဦးချင်း ဘိုးလင်းပြိုင်ပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်မှ ကျင်းပသော ၂၀၁၁ ခုနှစ် မိုးရာသီ အလွတ်တန်း အမျိုးသား/အမျိုးသမီး တစ်ဦးချင်းဘိုးလင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်း မြို့နယ်ရှိ RIGHT TRACK BOWLING CHNTRE တွင် ကျင်းပရာ **(အပေါ်ပုံ)**ဖွင့်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်ဦးခင်မောင်အေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်နှင့် ဒုတိယပါမောက္ခချုပ် ဦးထွဏ်းကြည်၊ မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အမှုဆောင်များ၊ RIGHT TRACK BOWLING CHNTRE မှ ဦးမျိုးအောင်နှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဘိုးလင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးခင်မောင်အေး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်နှင့် ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က ဘိုးလင်းဘောလုံးအား လိမ့်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယှဉ်ပြိုင်ကစားကြ

ဩဂုတ် ၂၁ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားများ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲသို့ နေပြည်တော်စည်ပင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ သစ်တောရေးရာဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းများနှင့် ကလပ်အသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသား ၂၄ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြကြောင်း သိရှိရသည်။ **(ဘိုးလင်းအဖွဲ့ချုပ်)**

ကဝမြို့ သက္ကလကျေးလက်စျေး တိုင်းဒေသကြီးဝန်ကြီး စစ်ဆေး

ကဝ ဩဂုတ် ၂၀

ကဝမြို့နယ် သက္ကလကျေးလက်စျေးကို ပြန်လည်ပြင်ဆင်တည်ဆောက်မည်ဖြစ်ရာ တည်ဆောက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဇူလိုင် ၁၇ ရက်က ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်း ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် မြို့နယ်အမှုဆောင်အရာရှိဦးမောင်မောင်ငြိမ်တို့က လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာစန္ဒာမြငြိမ်းက တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသော မောင်ရန်ငြိမ်းကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြို့နယ်သာယာလှပရေး လှည်းကူး၌ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၀

*လှည်းကူးမြို့နယ်အတွင်း သာယာလှပရေးအတွက်ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို ဩဂုတ် ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)***

(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

မြန်မာ့အလင်း **စာအုပ်စင်ကဏ္ဍ** ၂၀-၈-၂၀၁၁

တရားခွင် လက်တွေ့အသုံးချ ဥပဒေအကြောင်း သိကောင်းစရာများစာအုပ် ထုတ်ဝေ



စာရေးဆရာမောင်မောင်သောင်းမြင့် (တရားရေး)၏ တရားခွင် လက်တွေ့အသုံးချဥပဒေအကြောင်း သိကောင်းစရာများစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။ ဤစာအုပ်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေတို့မှ သိမှတ်ဖွယ်ရာ ဥပဒေပြဿနာများ၊ နိုင်ငံခြားသားနှင့်လက်ထပ်လိုမှု၊ ကလေးသူငယ်တရားစီရင်ရေး၊ မုသားသက်သေနှင့် ကျမ်းသစ္စာ၊ မြန်မာအမျိုးသမီးများအတွက် ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များ၊ အိမ်ရှင်အိမ်ငှားပြဿနာ၊ လင်မယားကွာရှင်းလိုမှုနှင့်မယားခေါ်လိုမှု၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍစသည်ဖြင့် သိမှတ်ဖွယ်ရာ စုံလင်ပါရှိသည်။ **(ယာပုံ)**

ဝယ်ယူရရှိနိုင်

တစ်အုပ်လျှင် ရောင်းဈေးငွေကျပ် ၁၀၀၀ဖြစ်ပြီး နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း- ၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းအလက(၁)နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၈၀၃၄၇၉၉ နှင့် မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် အခြားစာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



မြန်မာသမိုင်းသုတေသနစာစောင် အမှတ်(၂၁) ထုတ်ဝေဖြန့်ချိ

ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာနသည် မြန်မာသမိုင်းသုတေသနစာစောင်များ၊ သုတေသနပြု၍ ရေးသားပြုစုသော စာအုပ်များကို စဉ်ဆက်မပြတ် ထုတ်ဝေလျက်ရှိရာ ယခုမြန်မာသမိုင်း သုတေသနစာစောင်အမှတ်(၂၁) **(ဝဲပုံ)** ထုတ်ဝေဖြန့်ချိလိုက်သည်။မြန်မာသမိုင်း သုတေသနစာစောင်ကို သမိုင်းသုတေသန ဦးစီးဌာနက ထုတ်ဝေခဲ့ရာ ယခုအမှတ်(၂၁) ရောက်ရှိလာပြီဖြစ်သည်။ ယခုထုတ်ဝေသည့် မြန်မာသမိုင်းသုတေသနစာစောင် အမှတ်(၂၁)တွင် သုတေသနစာတမ်း (၉)စောင် ပါဝင်သည်။ ၎င်းတို့မှာ-Dawei Buddhist culture; a hybrid borderland (Elizabeth Moore)၊ Letwe Nawrahta (1723-1791), Recorder of Myanmar History (Dr.Thaw Kaung)၊ Mahakhanan and the Politics of the Triangle (Tun Aung Chain)၊ Around the Sagaing Town-ship in the Kon-baung Period (Dr. Moe Moe Oo)၊ Generation Gaps and Lags in the 20 th Century Myanmar (U Thet Tun)၊ Myanmar Under Native Rule in Pre-colonial Days (Dr.Hnin Yu Khine)၊ စစ်တောင်းမြို့ဟောင်းမှ သမိုင်းအထောက်အထားများ(ဒေါက်တာလဲ့လဲ့ဝင်း)၊ ပုဂံခေတ်ပိဋကတ်တိုက်များ(ကျောက်စာ၊ မင်စာ၊ အဝတ်စာများ) (ဒေါက်တာတိုးလှ)၊ ရေနံချောင်းမြို့နှင့် ပိဋကတ် ကျောက်စာရုံသမိုင်း (ဦးကျော်ဆွေဦးနှင့်အဖွဲ့)တို့ဖြစ်သည်။ မြန်မာသမိုင်းသုတေသနစာစောင်များသည် သမိုင်းလေ့လာသူ၊ သမိုင်းပညာရပ်ကို ဝါသနာထုံသူ၊ သမိုင်းပညာဖြင့် မကင်းနိုင်သူများ၊ သမိုင်းဘာသာရပ်ကို သင်ကြားပို့ချပေးနေသော ဆရာ၊ ဆရာမများနှင့် သမိုင်းကျောင်းသား၊ ကျောင်းသူများအတွက်လည်း မရှိလျှင်မဖြစ် လက်ဝယ်ရယူထားရမည့် စာအုပ်များဖြစ်သည်။

ဆက်သွယ်ဝယ်ယူ

ဤစာအုပ်ကို သမိုင်းသုတေသနဦးစီးဌာနမှဖြန့်ချိ၍ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနဦးစီးဌာန၏ စာအုပ်အရောင်းဆိုင်တွင်လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနရုံးအမှတ်(၃၅)တွင်လည်းကောင်း တစ်အုပ်လျှင် ငွေကျပ်(၂၅၀၀)နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ သမိုင်းသုတေသနဦးစီးဌာနမှ ယခင်ထုတ်ဝေခဲ့သည့် စာအုပ်များ၊ မြန်မာသမိုင်းသုတေသန စာစောင်များကို အထက်ပါလိပ်စာများအတိုင်း ဆက်သွယ်ဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

(၁၉)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၂၀

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၁၉)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန (၇၁)ဌာနတို့၌ ၂၀၁၁ ခုနှစ် ဇွန် ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

(ယမန်နေ့မှ အဆက်)

အုပ်စု(၃) မဇ္ဈိမနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်ငါးပါး၊ နှစ်ကျမ်းအောင်လေးပါး၊ တစ်ကျမ်းအောင်ရှစ်ပါးတို့ ဖြစ်ကြသည်။

မဇ္ဈိမနိကာယ်သုံးကျမ်းအောင် ငါးပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ ခုံအမှတ် ပခ-၁ အရှင်ပညာတိက္ခာလင်္ကာရ အသက် ၃၃ နှစ် အဘ- ဦးတင်ဝင်း သာမဏေကျော်ပရိယတ္တိစာသင်တိုက် ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး (ပထမ)၊ ခုံအမှတ် ကွေး-၂ အရှင်ဝါယာမာဝုဓ အသက် ၂၄ နှစ် အဘ-ဦးမောင်စံ သံဃာရာမကျောင်းတိုက် မကွေးမြို့ မကွေးတိုင်းဒေသကြီး (ဒုတိယ)နှင့် ခုံအမှတ် ဒဂတ-၃ အရှင်ဥတ္တရဝံသ အသက် ၂၇ နှစ် အဘ-ဦးလှထွန်းအောင် အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး(တတိယ)တို့ ဖြစ်ကြသည်။

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် တစ်ပါး၊ နှစ်ကျမ်းအောင် တစ်ပါးတို့ ဖြစ်သည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၄၃ ပါး၊ နှစ်ကျမ်းအောင် ၃၆ ပါး၊ တစ်ကျမ်းအောင် ၁၇ ပါးတို့ ဖြစ်ကြသည်။

အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင် ၄၃ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ ခုံအမှတ် ပခ-၉ ရှင်ဝိစိတ္တသာရာလင်္ကာရ အသက် ၂၀ နှစ် အဘ-ဦးစိုးတင့် သာမဏေကျော်ပရိယတ္တိစာသင်တိုက် ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး (ပထမ)၊ ခုံအမှတ် ဗဟ-၆ အရှင်သုဒဿနာလင်္ကာရ အသက် ၂၃ နှစ် အဘ-ဦးမောင်စိန် မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး (ဒုတိယ)နှင့် ခုံအမှတ် ပခ-၁ ရှင်ကုန္ဒက အသက် ၂၀ နှစ် အဘ-ဦးမောင်ကြည် သာမဏေကျော်ပရိယတ္တိစာသင်တိုက် ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး (တတိယ)တို့ ဖြစ်ကြသည်။

အုပ်စု(၇)ခုဒ္ဒကနိကာယ(၂) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်တစ်ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်သည်။

အုပ်စု(၈)အဘိဓမ္မပိဋက(အဘိဓမ္မာပထမပိုင်း)နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၁၅ ပါး၊ တစ်ကျမ်းအောင် ၂၂ ပါးတို့ ဖြစ်ကြသည်။ *(ဆက်လက်ဖော်ပြပါမည်)*

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆောင်ရွက်

ဇီးကုန်း ဩဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အောက်တိုဘာ ၁ ရက်မှစ၍ အခမဲ့ ပညာဒါန သင်ကြားပေးမည်ဖြစ်ပြီး ဇီးကုန်းမြို့ အမှတ်(၄)ရပ်ကွက်ရှိ စာကြည့်တိုက်တွင် စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ကြီးမှူး၍ အဌာရသမအကြိမ် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို)ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒ အဖွင့်သြဝါဒကထာ မြွက်ကြားပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ **(အပေါ်ပုံ)**

ထို့နောက် သတ္တရသမအကြိမ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားပြီး အတည်ပြုခြင်း၊ မှတ်တမ်းပါဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများလျှောက်ထားခြင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဆရာတော်ကြီးများက ဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းလျှောက်ထားသည်။ **(သတင်းစဉ်)**

အင်ဒိုနီးရှား-မြန်မာ ယဉ်ကျေးမှုကပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နှစ်နိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနများ ပူးပေါင်းကျင်းပသည့် ယဉ်ကျေးမှုကပွဲ **(အောက်ပုံ)** (Joint Cultural Show) ကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Sebastianus Sumarsono နှင့်ဇနီး၊ သံရုံးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦးနှင့် Malikha Girl Training School မှ ဒေါ်နီနီရွှေတို့အား အင်ဒိုနီးရှားရိုးရာဝါးတူရိယာ (Angklung) ကို ပေးအပ်သည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ရိုးရာအကအဖွဲ့ဝင်များနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသားကျောင်းသူလေးများက နှစ်နိုင်ငံရိုးရာယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆း၃၀	MRTV-4 သတင်း
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၂)
၇း၃၀	**FIFA U-20 World Cup Colombia 2011 (Brazil Vs Portugal) (Live)**
၉း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၄)
၁၀း၃၅	Sunday Talk [မောင်လှမွေး (မြန်မာမှု)၊ မျိုးမြတ်သူ]
၁၁း၁၀	Activities in the City -[ရွှေဘိုမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ] -[ဆင်ဖြူတောင်မှ ဝါဆိုသင်္ကန်းကပ်လှူပွဲ]
၁၁း၄၅	ဗီဒီယိုပြခန်း
၁၂း၀၅	အရည်အသွေးတို့၏ ပုံရိပ်များ၊
၁၂း၃၀	ကြည်နူးမှုန်းမြော် မြတ်ရှင်မော်…
၁း၀၀	**တရားဦးဓမ္မစကြာ** တရားတော် (အပိုင်း-၃) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း **(ကြီးရင်မီတာ ကောင်းတယ်၊ ငယ်ရင်ချီတာ ကောင်းတယ်)**
၃း၃၀	Kid' s Show
၄း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၄)
၅း၁၅	(၁၂)ခုမြောက် Eushido ကောင်တာဖွင့်ပွဲနှင့် မိုးရာသီ အထူးဈေးရောင်းပွဲတော်
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	ပန်းပျိုးလက်ရဲ့ ငွေကြယ်ပွင့်
၆း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၃)
၇း၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၈း၀၀	MRTV-4 သတင်း
၈း၃၀	A Journey to Korea (Part-2)
၈း၄၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ပုံရိပ်ထင်ထင် အမိတက္ကသိုလ် ရင်ခွင်တေးများ) အတွဲ(၄)
၉း၀၀	သွားမယ်စားမယ် (ရွှေလီလှိုင်း၊ ကောင်းကောင်း)
၉း၂၅	**Barclays Premier League Bolton Vs Man City**
၁၁း၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၅)
၁၂း၂၅	ဟိုတယ်လမ်းညွှန် (Mandalay Sedona Hotel)
၁၂း၄၅	SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
၁း၀၀	Celebrity Profile (Lee Byaung Hun)
၁း၄၅	ကျွန်းမာသန်ထွား ဉာဏ်မြင့်မား (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဌမ်းပုံ)
၁း၅၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းခရမ်းပြာလန်းဖြာဖြာ)
၂း၀၅	အရည်အသွေးမြင့်တင် ဈေးကွက်ဝင် ရော်ဘာစိုက်ပျိုး ဝင်ငွေတိုး
၂း၃၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာ ဖက်ရှင်)
၂း၅၅	ကန္ဒရဝတီ၏ ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့….
၃း၀၅	လှပသစ်ဆန်းအလှပြင်ခန်း (Hello)
၃း၂၅	စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
၃း၅၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကီလီရိပ်သာလမ်းက ဝါးတန်းအိမ်ရာ)
၄း၁၅	ဖွံ့ဖြိုးသာယာ ကောလင်းမြေမှာ
၄း၃၅	အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
၄း၄၅	ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Norwich-Stoke City	ESPN (Live)
၇း၃၀	Wolverhampton-Fulham	STAR SPORTS (Live)
၉း၂၅	Bolton-Man City	ESPN (Live)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

● *ရှေ့ဖုံးမှ*

ဆက်လက်၍ Korea International Coorperation Agency (KOICA) အစီအစဉ်ဖြင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို နှစ်ဦးသဘောတူ ဆွေးနွေးမှုလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝက ဆေးပညာစာကြည့်တိုက်၏ အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်အားပေးသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Hae-Yong နှင့်တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ Korea International Coorperation Agency (KOICA) ဌာနေကိုယ်စားလှယ် Ms. Kim TaeEun နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ရှေးဦးစွာ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် KOICA အဖွဲ့ဌာနေကိုယ်စားလှယ် Ms. Kim TaeEun တို့က ဆွေးနွေးမှုမှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။ KOICA မှ အမေရိကန်ဒေါ်လာသုံးသန်း ထောက်ပံ့ရရှိမည့် သုတေသနဓာတ်ခွဲခန်းမ "Establishment of Laboratory for Research on Communicable Diseases Project" ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

အဆိုပါ သုတေသနဓာတ်ခွဲခန်းမသည် ကျန်းမာရေးအဓိကပြဿနာရောဂါများဖြစ်သည့် တီဘီ၊ ငှက်ဖျား၊ အသည်းရောင်အသားဝါ၊ ဝမ်းပျက်ရောဂါများနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများ ပိုမိုသုတေသနပြုနိုင်ပြီး ရောဂါပိုးများရှာဖွေမှုနှင့် ကုသမှုများကို အဆင့်တိုးမြှင့်ရှာဖွေသုတေသနပြုနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတကာ သုတေသနဌာနများနှင့်လည်း ICT နည်းပညာဖြင့် ဆက်သွယ်၍အသုံးချကာ သတင်းအချက်အလက်နည်းပညာများ ဖလှယ်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် (ခုတင်-၄၀၀) အရိုးရောဂါအထူးကုဆေးရုံကြီးသို့ သွားရောက်၍ မြန်မာ့တစ်သျှူးဘဏ်ရှိ အလုပ်ခန်းများ၌ တစ်သျှူးထုတ်လုပ်သိမ်းဆည်းထားရှိမှုများနှင့် ခေတ်မီစက်ပစ္စည်းကိရိယာများ အသုံးချမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အရိုးရောဂါအထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်နှင့် ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်တင်စိန်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံ၍ အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်ဆေးဖျန်း

မကွေး ဩဂုတ် ၂၀

မကွေးမြို့ပေါ်ရှိ စာသင်ကျောင်းများ၊ ဈေးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၃၀ ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်နှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

21-8 (08).pmd 1 8/21/2011, 2:24 AM

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အိန္ဒိယဧည့်သည်အဖွဲ့နှင့် တရုတ်ဧည့်သည်အဖွဲ့တို့ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အိန္ဒိယသမ္မတနိုင်ငံ Power Grid Corporation of India Limited မှ Additional General Manager (International Business), Mr. Anil Mehra ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၇ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Electric Power Equipment and Technology Company Limited (CET)၏ Director of International Department Mr. Yu Nai Chun နှင့် Central China Power Grid International Economic and Trade Limited (CCPG) ၏ Vice-President Mr. Duan Daxi တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေး

အိန္ဒိယဧည့်သည်အဖွဲ့နှင့် တွေ့ဆုံရာတွင် အိန္ဒိယချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းနှင့်ပတ်သက်၍ လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့နှင့် တွေ့ဆုံရာတွင် လျှပ်စစ်စွမ်းအားကဏ္ဍ၌ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ **China Electric Power Equipment and Technology Company Limited (CET) ၏ Director of International Department Mr. Yu Nai Chun နှင့် Central China Power Grid International Economic and Trade Limited (CCPG) ၏ Vice-President Mr. Duan Daxi** တို့နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ကောက်စိုက်စွမ်းရည် ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရေတော်မိုးတော် မိုးစပါး ထွန်တုံးပိတ်ပွဲ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ အမှတ်(၇) ရပ်ကွက်ရှိ ပိုလန်ဆိပ်ခံတံတားကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေ ၆ နာရီ မိနစ် ၂၀ တွင် ကြံခင်းမြို့နယ် ဘက်ရဲ-ဟသ်ာတလမ်းဆုံ၌ ရေကြီးနစ်မြုပ်သော လယ်ယာမြေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပုသိမ်-မုံရွာလမ်းမပေါ်ရှိ ဗွက်ကျေးရွာအုပ်စုအနီးရှိ ဆည်မြောင်းကုန်းတံတား၊ အင်္ဂပူမြို့ (66/ 11 KV) ဓာတ်အားခွဲရုံအတွင်း အသစ်လဲလှယ် တပ်ဆင်ထားသော (11 KV Switch Gear Panel) ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖွင့်လှစ်ပေး

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် အင်္ဂပူမြို့အဝင်၌ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ ခုနှစ် ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကောက်စိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ကောက်စိုက်သမများ၏ ကောက်စိုက်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် တိုင်းဒေသကြီး စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ငါးမျိုးများထည့်သွင်းပေးကာ စက်မှုလယ်ယာဦးစီးဌာနမှ ပြသထားသော လယ်ယာသုံးစက်ကိရိယာများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားသော အထွက်ကောင်း မျိုးကောင်း၊ မျိုးသန့်စပါးများ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး ဆေးပစ္စည်းများနှင့် ကုမ္ပဏီများမှပြသထားသော စိုက်ပျိုးရေးသုံး ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းဆေးများနှင့် လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှု

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အင်္ဂပူမြို့နယ် အောက်ရွာကြီးကျေးရွာရှိ ဦးကံမြင့်၏ မြင့်ရတနာဆန်စက် အမှတ်(၂)၌ စပါးအခြောက်ခံစက် အသုံးပြု၍ စပါးအခြောက်ခံယူနေမှုနှင့် စပါးခွံလောင်စာနှင့် ဂက်(စ်)ငွေ့အသုံးပြုပြီး စပါးအခြောက်ခံစက် အသုံးပြုနေမှုတို့ကို ကြည့်ရှုသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ ခုနှစ် ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပထမဆုရ ဟသ်ာတခရိုင် ကောက်စိုက်လုံမေအဖွဲ့အား ဂုဏ်ပြုဆုဖလားနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

တွေ့ဆုံ

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် အင်္ဂပူမြို့ အမှတ် (၁) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး အင်္ဂပူမြို့နယ် စာကြည့်တိုက်၌ e-Library အသုံးပြုဆောင်ရွက်နေမှု၊ စာအုပ်များ စုဆောင်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်

နေပြည်တော် ဩဂုတ် ၂၀

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၆	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၂	ကယားပြည်နယ်	၂၈	၂၁	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၃	ကရင်ပြည်နယ်	၂၆	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၄	ချင်းပြည်နယ်	၂၁	၁၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၂	၂၃	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၄	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းမည်	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၇	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၈	၂၁	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၄	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၁၁	မွန်ပြည်နယ်	၂၅	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၉	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၁	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၃	၁၈	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၂	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၄	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၉	၂၃	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

ကော့ကရိတ်မြို့ တတန်ကူးကျေးရွာမှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

ရန်ကုန် ဩဂုတ် ၂၀

ကော့ကရိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးညိုညိုသန်းတို့သည် ဩဂုတ် ၁၇ ရက်က ကော့ကရိတ်မြို့နယ် တတန်ကူးကျေးရွာအုပ်စုမှ ပြည်သူ ၁၂၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပြီး ကျေးရွာပြည်သူများအား ဖြေလျှော့နည်းဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးနည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (သတင်းစဉ်)**

အမျိုးသမီးနှင့်ကလေး ကျန်းမာဖွံ့ဖြိုးရေး အသိပညာပေးဆွေးနွေးပွဲ ဒလမြို့နယ်၌ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ဒလမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်လုပ်ငန်းဆောင်ရွက်ရေး အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ထူးလှိုင်က အမျိုးသမီးနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးတင်ပြခဲ့သည်။ **(ယာပုံ) (မြို့နယ် ပြန်/ဆက်)**

စစ်တောင်းမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၉၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ သို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထား သည်။ (သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမြို့မြို့အနယ်နယ်တွင် ပေးအပ်

၂၀-၈-၂၀၁၁

ရွှေတောင်မြို့နယ်၌ ပေးအပ်

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးသည့် အခမ်းအနားကို ဇူလိုင် ၃၁ ရက်က ရွှေတောင်မြို့နယ် ကြာနီကန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုသော် **(အပေါ်ပုံ)**နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လက်ဝယ်အရောက် တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လားရှိုး၌ ပေးအပ်

လားရှိုးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း၌နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက်က ကျင်းပရာ လားရှိုးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယခရိုင် ဦးစီးဌာနမှူး ဦးနွယ်ဝင်းက သင်တန်းသားများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်စဉ်။ (မြို့နယ် လဝက)

ကြံခင်း၌ ဆောင်ရွက်

နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးခြင်းအကြောင်း အသိပေးရှင်းလင်းခြင်းကို ဩဂုတ် ၁၀ ရက်က ကြံခင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ဟင်္သာတခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးအောင်ကျော် ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ဖြူမြို့နယ်၌ ပေးအပ်

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက ကျောက်ဖြူမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း မြသီတာ ခန်းမ၌ ကျင်းပရာ နိုင်ငံသားအရည်အချင်းပြည့်မီသည့် ကျောင်းသား ကျောင်းသူ ၉၀ တို့အား ကျောက်ဖြူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးကြည်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မဘိမ်းမြို့နယ်၌ ပေးအပ်

မဘိမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက်က မဘိမ်း အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်ဦးစီးဌာနမှ ဒုတိယခရိုင် ဦးစီးဌာနမှူး ဦးအောင်ဝင်းသိန်း နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးနော်အောင် **(အပေါ်ပုံ)**တို့က နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသား ကျောင်းသူ ၉၅ ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် လဝက)**

ကျောက်ပန်းတောင်း၌ ပေးအပ်

ကျောက်ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဩဂုတ် ၁၂ ရက်က မြို့ရှေ့ အထကခွဲ၌ကျင်းပရာ မြင်းခြံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးမြင့်ရွှေက နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသူတစ်ဦးအား ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း အတို အထွာ ၂၀-၈-၂၀၁၁

ကျေးလက်ဒေသဖွံ့ဖြိုးရေး ခန္တီး၌ အလုပ်ရုံဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် မင်းဆင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဇူလိုင် ၈ ရက် နံနက် ၁၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းကော်မတီ၏ ရည်ရွယ်ချက်နှင့်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးဘဌေးက လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ တောအုပ်ကြီး ဦးလဖြတ်ထန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ (ခရိုင် ပြန်/ဆက်)

လားရှိုးမြို့၌ အခြေခံအိမ်တွင်းမှုသင်တန်းဆင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၅၇)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၂၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက အဆိုပါသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မြိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီးနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးတင်ဝင်းက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။ ဆက်လက်၍ အဆင့်မြင့် စက်ချုပ်သင်တန်းမှ သင်တန်းထူးချွန်ဆုများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုဟန်ကလည်းကောင်း၊ အခြေခံအိမ်တွင်းမှု သင်တန်းထူးချွန်ဆုများကို အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်းအုပ်ကြီး ဒေါ်နန်းငွေလှကလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

သမဝါယမအသင်းများဝင်ငွေခွန် ရေဦး၌ ပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်ရှိ သမဝါယမအသင်းများမှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန်စုပေါင်းပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အသင်းစုအပါအဝင် သမဝါယမအသင်းကိုးသင်းမှဝင်ငွေခွန် စုစုပေါင်း ကျပ် ၁၂၇၅၂၀ကို မြို့နယ်သမဝါယမဦးစီးအရာရှိဦးကျော်ဝင်းက ပေးအပ်သဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးချစ်စိန်က လက်ခံယူပြီး ဝင်ငွေခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ဒေသစိမ်းလန်းစိုပြည်ရေး တောင်သာ၌ သစ်မျိုးစေ့မြုပ်နှံ

တောင်သာမြို့ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် တောင်သာတောင်နှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် တောင်သာတောင်တန်းပေါ်၌ စတုတ္ထအကြိမ် သစ်မျိုးစေ့မြုပ်နှံစိုက်ပျိုးပွဲကို ဩဂုတ် ၈ ရက် နံနက် ၇ နာရီက ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်ခြောက်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ တစ်ဦးလျှင်သစ်မျိုးစေ့ နို့ဆီဘူးတစ်ဘူးနှုန်းဖြင့် ကန္တာရ၊ တမာ၊ မန်ကျည်း သစ်မျိုးစေ့များမြုပ်နှံစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ဆည်မြို့၌ ချက်ပြုတ်ပြိုင်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျောက်ဆည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့က ဦးစီးကျင်းပသော တန်ဖိုးနည်းအာဟာရပြည့်ချက်ပြုတ်ပြိုင်ပွဲကို ကျောက်ဆည်မြို့ မြင်စိုင်းခန်းမ၌ ဩဂုတ် ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးအောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုကျင်းပရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ မြို့နယ်သူနာပြုဆရာမကြီး ဒေါ်တင်တင်ငွေက အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဆုရရှိသည့်အသင်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (၄၁၀)

အိမ်မဲ၌ ကျေးလက်လမ်းဖောက်လုပ်

အိမ်မဲမြို့နယ်၌ ကွင်းယားတံခွန်တိုင်-ဝါးတော ကျေးလက်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာဦးမိုးမြင့်တို့ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

မြဝတီရုပ်မြင်သံကြား

၂၁-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ဟင်နရီရဲ့အိပ်မက်** (အပိုင်း-၆)
- ၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တစ်ခါကကိုယ့်ချစ်သူ**
- ၁၂:၃၀ ၈။ ကျန်းမာသုတ
- ၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၉)
- ၁၃:၄၀ ၁၀။ အပိတ်နှုတ်ဆက်စကား

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၃ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၂၀ ၇။ ပညာပေးဇာတ်လမ်းတို **ဖွတ်မမိုက်နဲ့ဝင်္ကလိုက်မယ်**
- ၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄:၄၅ ၉။ မြန်မာ့ရှုခင်း
- ၅:၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ဘဝကြေးမုံ **အလှ ဘဝ** မိုခမ်း၊မိုးထက်ပိုင်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ ဆဲဗင်း(အိုင်စီ)
- ၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၄၁)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၂။ ပဟေဠိနန်းတော်
- ၂၃။ ကျန်းမာသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၄၆)
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၇၅)

မြို့နယ်အဆင့်ကျောင်းပြင်ပ မူလတန်းပညာရေးသင်တန်းဖွင့်

ဖျာပုံ ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် မြို့နယ်အဆင့်ကျောင်းပြင်ပ မူလတန်းပညာရေး သင်တန်းဖွင့်ပွဲနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး ဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်မြေခန်းမ၌ကျင်းပသည်။

ဆွေးနွေးပြောကြား

ရှေးဦးစွာ ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက အမှာစကားပြောကြားပြီး အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှလှဝင်း **(အပေါ်ပုံ)**က ၂၀၁၁-၂၀၁၂ ခုနှစ်အတွက်ကျောင်းပြင်ပ မူလတန်းပညာရေး ဆောင်ရွက်နေမှုအခြေအနေနှင့် အခြေစိုက်စခန်းများအလိုက် သင်ရိုးညွှန်းတမ်းနှင့်အညီ ပညာသင်ကြားရေးနှင့် ပိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးပြောကြားသည်။

လက်ခံယူ

ထို့နောက် ကျောင်းပြင်ပမူလတန်းပညာရေးအလှူငွေကျပ် ငါးသိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်က ပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြို့နယ်အခြေစိုက်စခန်းကိုးခုအတွက် ကျောင်းသုံးဗလာစာအုပ် ၁၀ ဒါဇင်ကို မြို့နယ်ပညာရေးမှူးကပေးအပ်လှူဒါန်းရာ ကြီးကြပ်သူ ဦးတင်ကြိုင်က လက်ခံယူကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယင်းမာပင်၌ အမျိုးသမီးအိမ်တွင်းမှုသင်တန်းဆင်း

ယင်းမာပင် ဩဂုတ် ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ယင်းမာပင် အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း အဆင့်မြင့်အပ်ချုပ်သင်တန်း အမှတ်စဉ်(၁၃)၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ အခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။ **(ယာပုံ)**

ဆုများပေးအပ်

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်က အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသည့် သင်တန်းသူနှစ်ဦးအား ဆုများပေးအပ်ခဲ့သည်။ ထို့နောက် သင်တန်းကျောင်းအုပ် ဆရာမကြီးဒေါ်မြမြအေးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖွင့်လှစ်ပေး

မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် သလ္လာဝတီလမ်း၌ ဩဂုတ် ၁၄ ရက်က ရပ်ကွက်ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း ဖွင့်ပွဲကျင်းပရာ ဆိုင်းဘုတ်ကို အသင်းဥက္ကဋ္ဌ ဦးသန့်ဇင်ဖွင့်လှစ်ပေးစဉ်။ (၀၁၅)

နောင်ချိုမြို့နယ်၌ အုတ်ရေလှောင်ကန် တည်ဆောက်

နောင်ချို ဩဂုတ် ၂၀

နောင်ချိုမြို့နယ် ကြိမ်ဂနိုင်ကျေးရွာအုပ်စု ခဲထိပ်ကျေးရွာ၌ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့်ဝန်ထမ်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါ အုတ်ရေလှောင်ကန်မှာ အလျားခြောက်ပေ၊ အမြင့် ငါးပေ၊ အနံ ၁၀ပေရှိပြီး ယင်းအုတ်ရေလှောင်ကန်ပြီးစီးပါက ကျေးရွာအတွင်းရှိ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ တိုးတက်ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အမျိုးသမီးနှင့်ကလေး ကျန်းမာရေး ပန်းတနော်မြို့၌ ဟောပြော

ပန်းတနော် ဩဂုတ် ၂၀

ပန်းတနော်မြို့ အမျိုးသမီးနှင့်ကလေး ကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး အသိပညာပေးရှင်းလင်းပွဲကို ပန်းတနော်မြို့ ပြည်သူ့ဆေးရုံ၌ ဩဂုတ် ၁၅ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းသိန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦးက အမှာစကားပြောကြားပြီးနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စန်းဌေးက အမျိုးသမီးနှင့်ကလေးကျန်းမာရေးဖွံ့ဖြိုးရေးလုပ်ငန်းများအရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးအတွက် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** (၁၄၃)

ဆုချီးမြှင့်

အင်းစိန်မြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၃ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်းက ဒုတိယတန်းတွင် ပထမဆုရမမေဖြိုးဖြူအား ဆုချီးမြှင့်စဉ်။ (၀၃၂)

မီးသတ်ပစ္စည်းများ ဒေးဒရဲမြို့နယ်၌ပေးအပ်

ဒေးဒရဲ ဩဂုတ် ၂၀

ဒေးဒရဲမြို့နယ် မီးသတ်စခန်း၌ ဇူလိုင် ၂၀ ရက်က မီးသတ်ယာဉ်များအတွက် မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ထံမှပေးပို့သော မီးသတ်ပစ္စည်းများ ပေးအပ်ပွဲကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်က ရပ်ကွက်မြို့မိမြို့ဖတစ်ဦးထံ မီးသတ်ရေပိုက်လိပ်နှင့်အခြားမီးသတ်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၇၁)

စာအုပ်စာပေ လှူ့မိတ်ဆွေ

ငါးခြောက်လုပ်ငန်းအစုအဖွဲ့များ ကျောက်ဖြူမြို့နယ်၌ ဆွေးနွေးပွဲကျင်းပ

ကျောက်ဖြူ ဩဂုတ် ၂၀

ကျောက်ဖြူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက်ခရိုင်အဆင့် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် အရှေ့ပိုင်းပိုက်ဆိပ်ငါးခြောက်ထုတ်လုပ်သူများ အစုအဖွဲ့၏ ရှေ့လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲကို ဩဂုတ် ၇ ရက်က အရှေ့ပိုင်းပိုက်ဆိပ် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

စုပေါင်းပေးအပ်

ရှေးဦးစွာ ကျောက်ဖြူခရိုင် ငါးလုပ်ငန်းစီးဦးဌာနမှူး ဦးထွန်းတင်က အစုအဖွဲ့၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် အစုအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြကာ အသင်းဝင်လျှောက်လွှာများအား စုပေါင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင်ငါးလုပ်ငန်းဦးစီး)**

သက်တမ်းလွန် စားသောက်ကုန်များစစ်ဆေး

ပဲခူး ဩဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့မ စည်ပင်သာယာဈေးအတွင်း သက်တမ်းကုန်၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ၊ တားမြစ်ခြင်ဆေးခွေများ ရောင်းချမှုမရှိစေရေးနှင့် အကာအကွယ်မရှိဘဲရောင်းချနေသော စားသောက်ကုန်များ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် ဩဂုတ် ၄ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ ပညာပေးခြင်း၊ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း
ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာ့အလင်း
စာတည်းထံပေးစာများ

စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်ကန် ပြောင်းရွှေ့ပေးပါ

စာတည်းရှင့်-

လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ ၁၉ အဝေရာလမ်း စားသောက်ဆိုင်များအနီးတွင်ရှိသော စည်းကမ်းမဲ့စွန့်ပစ်အမှိုက်ကန်မှ အနံ့ဆိုးများနှင့် အပုပ်နံ့များကို နေ့စဉ်နှင့်အမျှရှူရှိုက်နေရသည့်အပြင် ယင်ကောင်ပေါများခြင်းကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အမှိုက်ကန်ကို သက်ဆိုင်ရာမှ သင့်တော်သောနေရာသို့ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

အပုပ်နံ့မခံနိုင်သူ

ကျူးကျော်အိမ်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ အိုးတော်ရပ်ကွက် သိမ်ကြီးရပ်၊ လေးစုရပ်ကွက် ရေတွင်းညီနောင်ရပ်နှင့်ကျန်းတန်းရပ်ကွက် တိုးချဲ့ -၂ နယ်နိမိတ်ကြားနေရာတွင် ကျူးကျော်အိမ်များ တိုးချဲ့ဆောက်လုပ်နေထိုင်ကြပါသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မန္တလေးသား

လမ်းမပေါ်မှ စားသောက်ဆိုင်ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဗညားဒလလမ်း အမှတ် ၂၀၁-၂၀၃ တိုက်အောက်တွင် စားသောက်ဆိုင်တစ်ဆိုင်သည် ည ၇ နာရီမှစ၍တစ်ညလုံး လူသွားလမ်းနှင့် ကတ္တရာလမ်းမပေါ်တွင် စားပွဲနှင့်ခုံများ ခင်းကျင်းရောင်းချနေသောကြောင့် လမ်းပိတ်ဆို့ပြီး ယာဉ်အန္တရာယ်စိုးရိမ်ရခြင်း၊ အညှော်နံ့နှင့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများမှာ ကျန်းမာရေးထိခိုက်ခြင်းတို့ကြောင့်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဗညားဒလသား

မွေးနေ့မင်္ဂလာဆုတောင်း

၂၁-၈-၂၀၁၁ရက်တွင် ကျရောက်သော ဦးမျိုးမင်းသူ (MD, Myanmar Modern Creations Co.,Ltd.) ၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော မိသားစု၊ ချစ်သောဝန်ထမ်းများနှင့်အတူ အမျိုးဘာသာ သာသနာ အကျိုး ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဝန်ထမ်းများ

Myanmar Modern Creations Co.,Ltd.

MMC Construction

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးမျိုးမင်းသူ (Managing Director)

Myanmar Modern Creations Co.,Ltd.

၏

၂၁-၈-၂၀၁၁ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာ ပျော်ရွှင်သော မိသားစုနှင့်အတူ ဘာသာ သာသနာအကျိုး၊ နိုင်ငံတော်၏အကျိုးစီးပွား၊ ဝန်ထမ်းများ၏ အကျိုးစီးပွား များကို ဆတက်ထမ်းပိုး အောင်မြင်စွာဆောင်ရွက်နိုင်ပြီး အောင်မြင်မှုများစွာကို ပိုင်ဆိုင်နိုင်သောသူတစ်ယောက် ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဦးကျော်ဇောထွန်း

(Director)MMC Construction Co., Ltd.

ဒေါ်ဝင်းပပနွယ် (GM) MMC Real Estate နှင့်

ဝန်ထမ်းများ

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးမျိုးမင်းသူ (Managing Director)

Myanmar Modern Creations Co., Ltd.

၏

၂၁-၈-၂၀၁၁ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောချမ်းသာခြင်းများ ပိုင်ဆိုင်ပြီး ကျန်းမာ ပျော်ရွှင်သော မိသားစုနှင့်အတူ ဘာသာ သာသနာအကျိုး၊ နိုင်ငံတော်၏ အကျိုးစီးပွား ဆောင်ရွက်နိုင်ပြီး အောင်မြင်မှု များစွာကို ပိုင်ဆိုင်နိုင်သောသူတစ်ယောက်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဦးအေးကျော်

(MD) Promise International Construction Group

ဒေါ်နိုင်နိုင်ဦး Principal I.C.E.C နှင့်

ဝန်ထမ်းများ

သစ်တောဦးစီးဌာန၏ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

သစ်တောဦးစီးဌာနအရာရှိများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစီးအရာရှိအဆင့် သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၈ ရက်မှ ၁၉ ရက်အထိ သင်ကြားပို့ချကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဩဂုတ်၂၀ ရက်က ကျင်းပသော ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ဆုနှင်းသဘင် အခမ်းအနားတွင် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မခိုင်ဇာလွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် ဆုချီးမြှင့်စဉ်။ (၁၂၂)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ရက် (အဖိတ်နေ့)

၂၁-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇:၂၀ ၂။ **FIFA U-20 WORLD CUP 2011 COLOMBIA ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဗိုလ်လုပွဲ) (ဘရာဇီးအသင်းနှင့် ပေါ်တူဂီသင်း)**

၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၇၀) (ဇာတ်သိမ်းပိုင်း)

၁၂:၃၀ ၅။ မြန်မာရုပ်ရှင် **အကာကအချစ် အနှစ်ကမေတ္တာ** ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ဆွေဇင်ထိုက်၊ ဒေါ်စိန်ခင် (ဒါရိုက်တာ-ဦးသုခ)

၁၄:၂၀ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက

၁၄:၂၅ ၇။ **စိမ်းမြခက်ဝေ** မေစန္ဒီမောင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများ (ဒါရိုက်တာ-မျိုးအေး)

၁၄:၃၅ ၈။ **၂၀၁၁ ခုနှစ် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု** အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (အခြေခံပညာ ၅-၁၀နှစ်) (မဟာဂီတ) (အမျိုးသား၊ အမျိုးသမီး)

၁၄:၅၀ ၉။ International News

၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ **Myanmar National League MNL GRAND ROYAL CUP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရက္ခပူရယူနိုက်တက် အသင်းနှင့် ဧရာဝတီ ယူနိုက်တက်အသင်း)**

၅:၄၅ ၂။ တေးဂီတအစီအစဉ်

၆:၀၀ ၃။ ညနေခင်းသတင်း

၆:၁၅ ၄။ မိုးလေဝသအခြေအနေ

၆:၂၀ ၅။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေး အိုလီ** (အပိုင်း-၆)

၆:၄၀ ၆။ တစ်မျက်နှာ၊ တစ်ကွက်စာ **မြင်းမိုရ်တောင်ထိပ်က လိမ့်ကျခဲ့သူ** မိုးထက်ပိုင်၊ ပိုင်သိခ်၊ မေဟသ်၊ ကောင်းမိုးယံ ဒါရိုက်တာ-မေတင် (MMG)

၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ ရွှေဖူးစာ** (အပိုင်း-၈)

၈:၀၀ ၈။ ပြည်တွင်းသတင်း

၉။ နိုင်ငံတကာသတင်းများ

၁၀။ မိုးလေဝသအခြေအနေ

၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၄၂)

၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိလေသော ရုပ်သံလွှင့်မှူး** (အပိုင်း-၂)

၁၃။ အစီအစဉ်ပြီး၏။

American Idol သီချင်းဆိုပြိုင်ပွဲ ဂျင်နီဖာလိုပက်ဇ် ဒိုင်အဖြစ်တာဝန်ယူမည်

မြင့်မောင်စိုး စုစည်းသည်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၀

နာမည်ကြီး အဆိုတော်ဂျင်နီဖာလိုပက်ဇ်ဟာ American Idol သီချင်းဆိုပြိုင်ပွဲ အကဲဖြတ်ဒိုင်တာဝန်ကို ပြန်လည်ထမ်းဆောင်မယ်လို့ ၎င်းသီချင်းဆိုပြိုင်ပွဲကျင်းပရေးအဖွဲ့က ပြောကြားပါတယ်။ **(ဝဲပုံ)**

(၁၁)ကြိမ်မြောက်ကျင်းပမယ့် အမေရိကန်သီချင်းဆိုပြိုင်ပွဲမှာ ဂျေလိုလို့ခေါ်တဲ့ အဆိုတော် ဂျင်နီဖာလိုပက်ဇ်က အကဲဖြတ်ဒိုင်တာဝန်ကို ပြန်လည်ထမ်းဆောင်တော့မှာဖြစ်ပါတယ်လို့ ပြိုင်ပွဲစီစဉ်သူ နစ်ဂျယ်လင့်ဂိုးက ပြောပါတယ်။

အမေရိကန်သီချင်းဆိုပြိုင်ပွဲမှာ ဂီတလောကရဲ့ ဝါရင့်အဆိုတော်သုံးဦးက အကဲဖြတ်အမှတ်ပေးကြမှာ ဖြစ်ပါတယ်။ ဒီအထဲမှာ ဂျင်နီဖာလိုပက်ဇ်လည်း အပါအဝင်ဖြစ်ပါတယ်။ သူမဟာ ကမ္ဘာကျော်အဆိုတော်တွေဖြစ်တဲ့ ရန်ဒီဂျက်ဆင်၊ ရော့ခ်အဆိုတော် စတီဗင်တိုင်လာတို့နဲ့အတူ အကဲဖြတ်ဒိုင်တာဝန်ကို ထမ်းဆောင်မယ်လို့သိရပါတယ်။ အမေရိကန်သီချင်းဆိုပြိုင်ပွဲကို လာမယ့် ၂၀၁၂ခုနှစ် ဇန်နဝါရီ ၂၂ရက်မှာ ကျင်းပမှာဖြစ်ကြောင်း ပြိုင်ပွဲစီစဉ်သူ နစ်ဂျယ်လင့်ဂိုးက ပြောပါတယ်။ **(အင်တာနက်)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ သီပေါ၌ ကျင်းပ

သီပေါ ဩဂုတ် ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ၂၀၁၁ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်တွင် တစ်လျှောက်၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ညွန့်လှိုင်၊ တောအုပ်ကြီး ဦးနုဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ပိတောက်နှင့် အရိပ်ရပင်၊ လေကာပင် စုစုပေါင်း အပင် ၇၂၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ဖြန့်ဝေစိုက်ပျိုး

ဆက်လက်၍ ဒုဌဝတီမြစ်ကူး တံတားဝန်းကျင်နှင့် ဇိနမာန်အောင်မြို့ဦးစေတီတောင်တက်လမ်း ဝဲယာတို့တွင် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးဇော်မင်းအောင်နှင့် ဝန်ထမ်းများက ရတနာတန်းဝင်ကျွန်း၊ ယမနေ၊ ကံ့ကော် ၅၂၆ ပင်တို့ကို စိုက်ပျိုးပေးသည်။ သီပေါမြို့နယ်အတွင်း ၂၀၁၁ ခုနှစ် မိုးရာသီတွင် တစ်ရွာတစ်ဧကယူကလစ်စိုက်ခင်းများ၊ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ တစ်အိမ်ထောင် သစ်မာ ယူကလစ် အပင် ၂၀၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုဖြန့်ပျိုးပင် စုစုပေါင်း အပင် ၁၃၇၀၀၀ ကို ဖြန့်ဝေစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ (၀၇၂)

ဩဂုတ် ၁၁ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင် လေမှုတ်စက်ရုံ မဟာဗန္ဓုလလမ်း အရာရှိအိမ်ရာနေ ဦးသန်းထိုက်နှင့် သားများက ဒေါက်တာဒေါ်ခိုင်စိုးမြင့် ကွယ်လွန်ခြင်း နှစ်လပြည့်အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ဆွမ်းတစ်နေ့တာ အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

အိုင်အိုဒင်းချို့တဲ့ရောဂါ ကာကွယ်ရေးဆောင်ရွက်

မိတ္ထီလာ ဩဂုတ် ၂၀

အိုင်အိုဒင်းချို့တဲ့ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးခြင်းကို မိတ္ထီလာမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၉ရက်က မြို့မဈေးကြီးအတွင်းရှိ ဆားရောင်းချသည့်ဆိုင်များတွင် အိုင်အိုဒင်းဆား အရည်အသွေးပြည့်မီစွာ ရောင်းချခြင်း ရှိမရှိကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇေယျာမိုးနှင့် ဝန်ထမ်းများ၊ အဖွဲ့မှဒုတိယဦးစီးမှူး(ဈေး) ဦးကိုကိုကျော်နှင့် ဈေးဝန်ထမ်းများ ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

SSA (ရှက်ဆစ်)အဖွဲ့က လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်မှုကြောင့် ကာလိမြို့နယ်ခွဲ၌ အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံး

နေပြည်တော် ဩဂုတ် ၂၀

SSA (ရှက်ဆစ်)အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကာလိမြို့နယ်ခွဲ၌ အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

လိုလားတောင့်တ

SSA (ရှက်ဆစ်)အဖွဲ့က ကာလိမြို့နယ်ခွဲရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးအား ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲခန့်တွင်လည်းကောင်း၊ ရပ်ကွက်(၆)ရှိ နေအိမ်တစ်လုံးအား ည ၈ နာရီခန့်တွင်လည်းကောင်း လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ဝင်ရောက်ပစ်ခတ်စဉ် ဝန်ထမ်းများထိခိုက်မှုမရှိဘဲ ရုံး၏အဝင်တံခါးနှင့် နံရံများကိုသာ ထိမှန်ခဲ့ကြောင်း၊ ရပ်ကွက်(၆)သို့ ဝင်ရောက်ပစ်ခတ်ရာ၌ ဦးကျော်ခိုင်(ဘ) ဦးအောင်သန်း အသက်(၄၂)နှစ်နှင့် မောင်ထွန်းလှိုင် (ဘ) ဦးအဂ္ဂ အသက်(၂၁)နှစ် တို့နှစ်ဦး လက်နက်ငယ်များ ထိမှန်သေဆုံးသွားခဲ့ကြောင်း၊ SSA (ရှက်ဆစ်)အဖွဲ့သည် ရှမ်းပြည်နယ်ကောင်းစားရေးအတွက်ဟု ကြွေးကြော်နေသော်လည်း ယခုကဲ့သို့ ဝင်ရောက်ပစ်ခတ်ခြင်း၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ဓားပြတိုက်ခြင်း စသည့် အကြမ်းဖက်အဖျက်လုပ်ရပ်များကိုသာ တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည့်အတွက် ဒေသခံပြည်သူများက ဒေသငြိမ်းချမ်းရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို လိုလားတောင့်တလျက်ရှိကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သောင်းကျန်းသူများထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ချင်းရွှေဟော်မြို့နယ်ခွဲရှိ နမ့်တိန်ချောင်းကူးညီနောင်တံတား ချို့ယွင်းပျက်စီးသွားခဲ့

နေပြည်တော် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့နယ်ခွဲရှိ နမ့်တိန်ချောင်းကူးညီနောင်တံတားသည် ယနေ့နံနက်ပိုင်းတွင် သောင်းကျန်းသူများ၏ မိုင်းပေါက်ကွဲမှုကြောင့် ချို့ယွင်းပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

ကြိုတင်ထောင်ထား

ချင်းရွှေဟော်-နမ့်တစ်ကားလမ်းပေါ်ရှိ ပေ ၃၃၀ အရှည် သံကူကွန်ကရစ်တံတား အမျိုးအစား နမ့်တိန်ချောင်းကူးညီနောင်တံတားသည် နံနက် ၂ နာရီခန့်တွင် သောင်းကျန်းသူများထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် နမ့်တစ်ဘက်ခြမ်း၌ တံတားမုခ်ဦးအပါအဝင် ၇၅ ပေခန့် ကျိုးပဲ့ပျက်စီးပြီး တံတားအခန်းတစ်ခန်း ပြိုကျသွားခဲ့ကြောင်း၊ ၎င်းမိုင်းမှာ သောင်းကျန်းသူများက လိုအပ်သည့်အချိန် ဖောက်ခွဲဖျက်ဆီးရန် ကြိုတင်ထောင်ထားသည့် မိုင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှု၊ မိုးကြိုးပစ်မှုတို့ကြောင့် လျှပ်စီးဝင်ပြီး ပေါက်ကွဲသွားခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ယင်းတံတားသည် ကိုးကန့်ဒေသနှင့် "ဝ" ဒေသတို့ဆက်သွယ်ရန် သီးသန့်တည်ဆောက်ထားသော တံတားတစ်စင်းဖြစ်ကြောင်း၊ သို့သော် ၎င်းတံတား၏ အောက်ဘက်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ထားသည့် ကွမ်းလုံ(နမ့်ဟူး)-ဟိုပန်သွား နမ့်တိန်တံတားတစ်စင်းတည်ရှိသဖြင့် ဟိုပန်ဒေသသို့ ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်မှုမရှိခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဧရာဝတီနှင့် သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၅၈ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၆ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဇလွန်မြို့တွင် ၁၁၇၁ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၁ စင်တီမီတာ (၀ ဒသမ ၄ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၆၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၈၆ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၆ စင်တီမီတာ (၁ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နောက်နှစ်ရက် မိုးလေဝသအခြေအနေ

မုတ်သုံလေ အား အသင့်အတင့်မှ အားကောင်းနိုင်သည်။

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ဘွန်ဒက်စ်လီဂါပွဲစဉ် မွန်ချန်ဂလက်ဘတ်က ဝုလ်ဖ်ဘတ်ကို နိုင်ပွဲရ

ဘာလင် ဩဂုတ် ၂၀

ဂျာမနီဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၃)အဖြစ် ဩဂုတ် ၂၀ ရက်က မွန်ချန်ဂလက်ဘတ်နှင့် ဝုလ်ဖ်ဘတ် အသင်းတို့ယှဉ်ပြိုင်ကစားရာ မွန်ချန်ဂလက်ဘတ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ***(ဝဲပုံ)***

ဧည့်သည် ဝုလ်ဖ်ဘတ် အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၂ မိနစ်၌ ဟာဆီဘီက သွင်းယူပေးခဲ့သည်။ သို့သော် ပွဲချိန် ၁၅ မိနစ်၌ မွန်ချန်ဂလက်ဘတ်အတွက် ချေပဂိုးကို ရီအက်စ်က သွင်းယူခဲ့သဖြင့် တစ်ဂိုးစီဖြစ်နေခဲ့သည်။ မွန်ချန်ဂလက်ဘတ်အတွက် ပွဲချိန် ၃၂ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဒိန်းစ်က သွင်းယူခဲ့ပြီး ၄၅ မိနစ်တွင် ဘိုကာဒီလ်လာက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်း ပွဲချိန်အတွင်း၌ မွန်ချန်ဂလက်ဘတ်တို့ သုံးဂိုးရရှိနေခဲ့သည်။ ထို့နောက် မွန်ချန်ဂလက်ဘတ်တို့က ဒုတိယပိုင်းပွဲချိန်၌လည်း ဂိုးရရှိရေး ထိုးဖောက်ကစားနိုင်ခဲ့ရာ ပွဲချိန် ၆၇ မိနစ်တွင် ရီအက်စ်က ဂိုးသွင်းယူခဲ့သဖြင့် စုစုပေါင်း လေးဂိုး ရရှိခဲ့သည်။ ဝုလ်ဖ်ဘတ်တို့ ပွဲချိန်ပြည့်သည် အထိ ချေပဂိုး မသွင်းနိုင်ခဲ့သဖြင့် အဝေးကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

စူပါလိုက်ဖ်ဝိတ် ချန်ပီယံလုပွဲ ဂွီရာရီရှိနှင့် မိုင်ဒါနာ ထိုးသတ်မည်

ဆန်ဂျိူ့စ် ဩဂုတ် ၂၀

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ စူပါလိုက်ဖ်ဝိတ်တန်းချန်ပီယံ ဗိုလ်လုပွဲအဖြစ် ရှိဘတ်ဂွီရာရီရှိ *(ယာပုံ)* ***နှင့် မာကော့စ်မိုင်ဒါနာတို့ ဩဂုတ် ၂၇ ရက်တွင် ထိုးသတ်ကြမည်ဖြစ်သည်။***

အမေရိကန် လက်ဝှေ့သမား ရှိဘတ်ဂွီရာရီရှိသည် လေ့ကျင့်စဉ် ပခုံးဒဏ်ရာရရှိခဲ့သဖြင့် ၎င်းတို့နှစ်ဦး ဩဂုတ် ၁၈ ရက်က ယှဉ်ပြိုင်ထိုးသတ်မှုကို ရက်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ဂွီရာရီရှိသည် အသက် ၂၈ နှစ်ရှိပြီး လက်ဝှေ့ပွဲ ၃၁ ပွဲ ထိုးသတ်ထားရာ ၂၉ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးကာ ၁၈ပွဲမှာဒိုင်ပွဲရပ်ဖြင့် အနိုင်ယူထားသူ ဖြစ်သည်။ အာဂျင်တီးနားလက်ဝှေ့သမား မိုင်ဒါနာသည် အသက် ၂၈နှစ်ရှိပြီး လက်ဝှေ့ပွဲ ၃၂ ပွဲထိုးသတ်ထားကာ ပွဲ ၃၀ နိုင်၊ နှစ်ပွဲသရေ ရှုံးပွဲမရှိစံချိန်တင်ထားသူဖြစ်သည်။ နိုင်ပွဲများအနက် ၂၇ ပွဲမှာ ဒိုင်ပွဲရပ်ထိုးသတ်ထားသည်။ *(အင်တာနက်)*

အားကစားသတင်းအတိုအထွာ

❖ ***ကနေဒါ ဂေါက်သီးရိုက်သမား မိုက်ဝီရာသည် ဩဂုတ် ၁၉ ရက်က ညာဘက်တံတောင်ဆစ် ခွဲစိတ်ကုသခဲ့သဖြင့် ခြောက်လတာမျှ အနားယူရမည်ဖြစ်ရာ ၂၀၁၂ ခုနှစ် ပီဂျီအေအိုးပင်းပြိုင်ပွဲ၌ ပါဝင်မကစားနိုင်တော့ကြောင်း သိရသည်။***

❖ *ဆင်ဆင်နာတီ ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲ ကျားတန်းဖိုင်နယ်ပွဲစဉ်၌ ရာဖေးလ်နာဒယ်က မာဒီဖစ်ကိုရှုံးပြီး ရော်ဂျာဖက်ဒဲရားက သောမတ်ဘာဒက်အား ရှုံးပွဲများကြုံခဲ့သဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်ကြောင်း ဩဂုတ် ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။*

❖ *၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပနိုင်ရန်အတွက် ကိုလံဘီယာနိုင်ငံသည် အခွင့်အလမ်းများရှိနိုင်ကြောင်း၊ ယူ-၂၀ ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခြင်းကြောင့်ဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌဆပ်ဘလတ္တာက ဩဂုတ်၂၀ရက်၌ ပြောကြားသည်။*

❖ ***ယူအက်စ်အိုးပင်းချန်ပီယံ ကင်ကလစ်စတားသည် ဝမ်းဗိုက်ကြွက်သား နာကျင်မှုဝေဒနာခံစားနေရသဖြင့် ယူအက်စ် အိုးပင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း ဩဂုတ် ၂၀ ရက်က သတင်းထုတ်ပြန်သည်။***

အိန္ဒိယထိပ်တန်းအားကစားသမားဆု သေနတ်ပစ်သမား ဂါဂန်နာရန်ရရှိ

ထိပ်တန်းကစားသမားဆု ဆွတ်ခူးခဲ့သည့် ဂါဂန်နာရန်

နယူးဒေလီ ဩဂုတ် ၂၀

အိန္ဒိယနိုင်ငံ၏ ထိပ်တန်းအားကစားသမားဆုကို သေနတ်ပစ် အားကစားသမား ဂါဂန်နာရန်အား ရွေးချယ်လိုက်ကြောင်း အိန္ဒိယအားကစားအဖွဲ့ချုပ်က ဩဂုတ်၂၀ ရက်၌ သတင်းထုတ်ပြန်သည်။

ဂါဂန်နာရန်သည် ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သော နေသဟာယ အားကစား ပြိုင်ပွဲ၌ သေနတ်ပစ်ပြိုင်ပွဲများတွင် အိန္ဒိယ နိုင်ငံအတွက် ရွှေတံဆိပ်လေးခု ဆွတ်ခူးပေးနိုင်ခဲ့သူ ဖြစ်သည်။

အသက် ၂၈ နှစ်အရွယ်ရှိ ဂါဂန်နာရန်အား ဩဂုတ် ၂၉ ရက်၌ ၎င်းဆုကို အခမ်းအနားဖြင့် ချီးမြှင့်ပေးအပ်မည် ဖြစ်သည်။ ဂါဂန်နာရန်သည် ဂုဏ်ပြုဆုချီးမြှင့်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၆၄၅၀ လည်း ရရှိမည်ဖြစ်သည်။ **(အင်တာနက်)**